မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော်? ၂၀၁၂ ခုနှစ်၊ မေ ၅ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၃)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အာဆီယံပါလီမန်များညီလာခံ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အာဆီယံပါလီမန်များညီလာခံ အတွင်းရေးမှူးချုပ် H. E. Mr. Hon. Antonio Veloso Cuenco ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယနာယက ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည့် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံအသိုက်အဝန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ AIPA အခန်းကဏ္ဍမြှင့်တင်ရေးနှင့် AIPA ၏ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရရှိအောင် ဆောင်ရွက်သင့်သည့် နည်းလမ်းများ ရှာဖွေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ဧည့်သည်တော် H. E. Mr. Hon. Antonio Veloso Cuenco တို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အာဆီယံပါလီမန်များညီလာခံ အတွင်းရေးမှူးချုပ် **H. E. Mr. Hon. Antonio Veloso Cuenco** အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

'ရေ'ရလို့ သူတို့ပျော်ကြပြီ

သတင်းဆောင်းပါး - မြင့်မောင်စိုး | **ဓာတ်ပုံမှတ်တမ်း - စိုးမြင့်နိုင်(ထွေ/အုပ်)**

နေပြည်တော် မေ ၄

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် ငလိုက်ချောင်းမှရေကို အမြင့်တင်ရေစုပ်စက်များသုံးပြီး ရေရှားပါးသည့် ရပ်ကွက်များသို့ သုံးရေ၊ သောက်ရေများ ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း မြို့နယ် ရေဖြန့်ဖြူးပေးဝေရေး အရာရှိတစ်ဦးက ပြောကြားသည်။

အင်ဂျင်နီယာဌာန (ရေသန့်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဝေက မြန်မာ့အလင်းသို့ ပြောကြားသည်။

ရေကို အဆင့်မြင့် သန့်စင်ပြီး ဖြန့်ဝေပေးလျက် ရှိပါတယ်"ဟု ဦးအောင်မျိုးဝေက ဆက်လက်ပြောကြားသည်။

ရှိသည်။ ၎င်းချောင်းရေကို အမြင့်တင် ရေစုပ်စက်နှစ်လုံးဖြင့် စုပ်ယူပြီး ခြောက်လက်မအချင်းရှိ ရေပိုက်များဖြင့် ပျဉ်းမနားမြို့နယ် အုပ်ချုပ်

"ကျွန်တော်တို့ မြို့နယ် စည်ပင်အနေနဲ့ နေပြည်တော် မြို့တော်ဝန်ရဲ့ လမ်းညွှန်မှုနဲ့ ရေရှားပါးတဲ့ မြို့ပေါ်ရပ်ကွက်တွေအတွက် ငလိုက်ချောင်းမှရေကို အမြင့်တင် ရေစုပ်စက်များသုံးပြီး သန့်ရှင်းတဲ့ သုံးရေတွေ ဖြန့်ဝေပေးနိုင်ပြီ ဖြစ်ပါတယ်" ဟု ပျဉ်းမနားမြို့နယ် စည်ပင်

"ကျွန်တော်တို့ ဒီစီမံကိန်းကို ယခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီး မတ် ၃၀ ရက်မှာ ရေစတင်ဖြန့်ဝေပေးနိုင်ပါတယ်။ လောလောဆယ် ရေအခက်အခဲကြုံနေတဲ့ ရန်အောင်(၁)ရပ်ကွက်မှာရှိတဲ့ လူဦးရေ ၂၀၀၀ ကျော်၊ အိမ်ခြေအားဖြင့် ၃၈၀ အတွက် ဒီ ငလိုက်ချောင်း

ငလိုက်ချောင်းအတွင်းမှရေကို တွန်းတင်ပေးသည့် အမြင့်တင်ရေတွန်းစက်ကို ဤသို့ တွေ့ရသည်။

ငလိုက်ချောင်းသည် ပျဉ်းမနားမြို့အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချောင်းဖြစ်သည်။ ၎င်းချောင်းသည် နွေအခါ ရေစီးအား မကောင်းသော်လည်း ချောင်းအတွင်း ရေများ တသွင်သွင်စီးဆင်းလျက်

ရေးမှူးရုံးအနီး တောင်ကုန်းပေါ်ရှိ ဂါလန် ၂၀၀၀၀ ဆံ့ ရေသန့်စင်ရေကန်သို့ တွန်းပို့ခြင်းဖြစ်သည်။ ၎င်းရေသန့်စင်မှုစနစ်သုံး ရေကန်မှ တစ်နာရီလျှင် သန့်စင်ပြီး

စာမျက်နှာ ၇ ကော်လံ ၁ ➲

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာ့အသက်အကြီးဆုံး ဘွဲ့ရကျောင်းသား ဩစတြေးလျမှ အလန်စတီးဝပ်ဖြစ်လာ **စာ-၄**

ပျောက်သွားခဲ့သော ကျေးငှက်ငယ် ရဲစခန်းတွင် အိမ်လိပ်စာရွတ်ပြကာ သခင့်ထံ ပြန်လာနိုင် **စာ-၅**

အမေဇုန်ဒေသအတွင်း ပြစ်မှုများနှိမ်နင်းမည့် စစ်ဆင်ရေး စတင် **စာ-၅**

ရာသီ(၂၀) အလှဆုံးဂိုးသွင်းဆုမန်ယူတိုက်စစ်မှူး ရွှန်နေရှိ **စာ-၇**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် မေ ၅ ရက်)

ကဆုန်လပြည့် ဗုဒ္ဓနေ့

ယနေ့သည်ကား ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း ကဆုန်လပြည့်နေ့ရောက်တိုင်း ကဆုန်ညောင်ရေသွန်းပွဲတော်များ နိုင်ငံနှင့်အဝန်း ဆင်ယင်ကျင်းပလေ့ရှိပါသည်။ စေတီ၊ ပုထိုး၊ ကျောင်းကန်အသီးသီးရှိ ဗောဓိ (ညောင်)ပင်တို့၌ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူရာ သစ်ပင်ဖြစ်ခြင်းကြောင့် ပရိဘောဂစေတီအဖြစ် ရည်မျှော်ကာ ညောင်ရေသွန်းပွဲများ ကျင်းပခြင်းဖြစ်ပေသည်။

ကဆုန်လပြည့်နေ့သည်ကား ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ထူးခြားသော နေ့မြတ်ကြီးလည်းဖြစ်ပေသည်။ အဘယ်ကြောင့်ဟူမူ ဗုဒ္ဓဘုရားရှင်၏ ထူးခြားချက်ကြီးလေးခု ဖြစ်ပေါ်ခဲ့သည့်နေ့ ဖြစ်ခြင်းကြောင့်ပေတည်း။ **ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း** ဟုဆိုသည့်အတိုင်း ဘုရားလောင်း သုမေဓာရှင်ရသေ့ ဒီပင်္ကရာမြတ်စွာဘုရားရှင်တော်ထံ ဘုရားစင်စစ်ဧကန် ဖြစ်ပေလိမ့်မည်ဟု ဗျာဒိတ်ခံယူသောနေ့ဖြစ်ခြင်း၊ ဘုရားလောင်း ဖွားမြင်တော်မူခြင်း၊ သစ္စာတရား (၄)ပါးကို သိမြင်တော်မူ၍ မဟာဗောဓိပင်ရင်း၌ ဘုရားဖြစ်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့်ပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဤကဆုန်လပြည့်နေ့ကို **ကဆုန်လပြည့် ဗုဒ္ဓနေ့** ဟု ချီးမွမ်းပြောဆိုခဲ့ကြခြင်းဖြစ်ပေသည်။

ရှေးရှေး ဘုရားရှင်များဖြစ်တော်မူသော ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့သည် အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်နှင့် ပညောင်ပင်တို့၌ ပွင့်တော်မူခဲ့ကြပေသည်။ ဂေါတမဘုရားရှင်သည် ညောင်ဗုဒ္ဓဟေခေါ် ညောင်နီပင်ရင်း၌ ပွင့်တော်မူခဲ့လေသည်။ ထိုဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင် သာသနာတော်၌ ဗောဓိပင်မည်ခဲ့ပေသည်။ ဗောဓိပင်သည် စေတီသုံးမျိုးအနက် ပရိဘောဂ စေတီပင်ဖြစ်၏။ ထို့ကြောင့် ဤပရိဘောဂစေတီမည်သော ဗောဓိ (ညောင်)ပင်၌ ညောင်ရေသွန်းလောင်းကြခြင်းပင်ဖြစ်၏။

ညောင်ရေသွန်းပွဲများကို နံနက်မိုးသောက်အလင်းရောက်သည်နှင့် ဗောဓိပင်ရင်းတို့၌ ဗုဒ္ဓဘုရားရှင်အား အာရုံပြုလျက် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ ကပ်လှူပူဇော်ပြီးနောက် တစ်နေကုန်မိုးလင်းမှမိုးချုပ် ညောင်ရေသွန်းကြသည်။ ညောင်ရေသွန်းလောင်းပူဇော်ရာတွင် တစ်ဦးချင်းဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ လာရောက်သွန်းလောင်းပူဇော်လေ့ရှိကြသည်။

ညောင်ရေသွန်းလောင်းပူဇော်ရာတွင် **ဇယောဟိဗုဒ္ဓဿသိရိမတောအယံ** စသောဂါထာတော်ကို ရွတ်ဆိုကြ၍ သွန်းလောင်းပူဇော်လေ့ရှိကြသည်။ ဂါထာတော်၏ အနက်မှာ **ဤပွဲတော်သည် ဗုဒ္ဓဘုရားရှင်တော်မြတ်၏ အောင်ပွဲသဘင်တော်လည်းဖြစ်၏။ ယုတ်မာမိုက်ကန်းသော မာရ်နတ်၏ရှုံးပွဲပေတည်း။ ဤသို့ မာရ်နတ်သားကို အောင်ပွဲခံရသည့် ဤကဆုန်လပြည့်နေ့တွင် နတ်၊ နဂါး၊ ဂဠုန်၊ ဗြဟ္မာအပေါင်းတို့သည် မာရ်နတ်အား ရှုံးသွားပြီ၊ ဘုရားလောင်းတော် နိုင်သွားပြီ အောင်ပွဲပူဇော်မှုကို ငါတို့ပြုကြပေမည်** ဟု အနက်အဓိပ္ပာယ် ဆောင်ကုန်၏။ ထိုနေ့သည် ကဆုန်လပြည့်နေ့လည်းဖြစ်၏။

သို့ပါ၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အနေဖြင့် ဤကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယတွင် စေတီ၊ ပုထိုး၊ ကျောင်းကန်အသီးသီးတို့ရှိ ဗောဓိပင်များတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်နိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

ရှေးဟောင်းပစ္စည်းအပ်နှံသူအား ဆုကြေးငွေပေးအပ်ချီးမြှင့်

နေပြည်တော် မေ ၄

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်ကျေးရွာအုပ်စု အုတ်အင်းရပ်နေ ဦးအောင်ဝင်းသည် ဆေးကျမ်း၊ ငွေစာရင်းမှတ်စုနှင့် ဆေးမင်ကြောင်ပုရပိုက်များ၊ ကျောက်ခေတ်နှင့် ကြေးခေတ် လက်နက်များ၊ သံခေတ်လှံသွား၊ ဟံသာဝတီခေတ် အလေးများ၊ ကုန်းဘောင်ခေတ် မြေဆေးတံများအား စုဆောင်းခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ အပ်နှံခဲ့ရာ ရှေးဟောင်းပစ္စည်း အကဲဖြတ်အဖွဲ့က စစ်ဆေးပြီး ခေတ်ကာလကြေး၊ လက်ရာကြေးများ တွက်ချက်၍ ဆုကြေးငွေပေးအပ်ချီးမြှင့်ပွဲကို မေ ၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က ယခုကဲ့သို့ ကျောက်ခေတ်နှင့် ကြေးခေတ် လက်နက်များ၊ ကုန်းဘောင်ခေတ်လက်ရာ ပစ္စည်းများ လာရောက်အပ်နှံမှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ လာရောက်အပ်နှံ သော ပစ္စည်းများသည် ကျောက်ခေတ်နှင့် ကြေးခေတ်လက်နက်များ၊ ကုန်းဘောင်ခေတ်လက်ရာများ ဖြစ်သဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို လာရောက်အပ်နှံပါက ရှေးဟောင်းပစ္စည်းများ၏ မူလတန်ဖိုးအပေါ်တွင် ခေတ်ကာလတန်ဖိုးနှင့် လက်ရာတန်ဖိုး ထပ်ဆောင်းလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆုများထိုက်တန်စွာချီးမြှင့်လျက်ရှိကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးလျက်ရှိကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေများအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးမျိုးညွန့်က ကျောက်ခေတ်နှင့်ကြေးခေတ် လက်နက်များ၊ ကုန်းဘောင်ခေတ်လက်ရာပစ္စည်းများ လာရောက်အပ်နှံသော ဦးအောင်ဝင်းအား ငွေကျပ် ၈၁၉၆၅၀ ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုကြေးငွေချီးမြှင့်ခံရသူ ဦးအောင်ဝင်းက ရှေးဟောင်းပစ္စည်းအပ်နှံခဲ့မှုနှင့် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့ တွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကုန်သည်/စက်မှု အသင်းချုပ်နှင့် ဘရာဇီးနိုင်ငံလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၄

မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံရုံးမှ ဒုတိယသံမှူးကြီး Ms. Daniella Ortega de Paiva Menezes နှင့် Brazillian Software Companies Association မှ Representative, Mr. Helio Ciffoni, တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်လွင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ဦးအေးလွင်တို့အား ဧပြီ ၂၆ ရက် နံနက် ၁၁ နာရီတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် အသင်းချုပ်အသင်းဝင်များနှင့် ဘရာဇီးလုပ်ငန်းရှင်များအကြား သတင်းအချက်အလက်နှင့် နည်းပညာများ ဖလှယ်ဆောင်ရွက်ရေး ကိစ္စ၊ နည်းပညာအရည်အသွေးမြင့် software ကုမ္ပဏီပေါ်ထွက်ရေး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကိစ္စ၊ မြန်မာ့အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘရာဇီးအသေးစားလုပ်ငန်းများ၏ အတွေ့အကြုံများဖလှယ်ရေးကိစ္စ၊ နှစ်နိုင်ငံလုပ်ငန်းရှင်များ အပြန်အလှန် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အောက်ပုံ) (ကုန်သည်/စက်မှုအသင်းချုပ်)**

လှူဒါန်း

Pacific Asia Hi Tech Construction Co;Ltd.Yangon ဝန်ထမ်းမိသားစုများက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး၊ အာဟာရ ပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

ကဆုန်ညောင်ရေ သွန်းလောင်းပွဲ သန်လျင်၌ ကျင်းပမည်

ရန်ကုန် မေ ၄

သန်လျင်မြို့နယ်လုံးဆိုင်ရာ သုတ်၊ ပရိတ်တော် ရွတ်ဆိုပြိုင်ပွဲများကို ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သန်လျင်မြို့ မဟာအတုလသဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ ဝတ်ရွတ်အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ (၆၅)ကြိမ်မြောက် ညောင်ရေသွန်းလောင်းပွဲကို ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် သာသနာ့ဗိမာန်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ကျင်းပပြီး ဗုဒ္ဓနေ့အခမ်းအနား ကျင်းပမည်ဖြစ်ကာ ဝတ်ရွတ်ဆိုပြိုင်ပွဲမှ ဆုရအသင်းများကို ဆုချီးမြှင့်မည်ဖြစ်သည်။ ညနေပိုင်းတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်နှင့် သီလရှင် အပါး ၃၂၄ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မေ ၄

နေပြည်တော်ရှိ Royal Myanmar Golf Club ၌ ဦးစိန်လွင်သည် ဧပြီ ၂၉ ရက်က ကစားဖော်များဖြစ်ကြသည့် ဦးအောင်ညွန့်သိန်း၊ ဦးသန်းထိုက်၊ ဦးထွန်းလတ်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားနေစဉ် ၁၇၄ ကိုက်ဝေးသော ကျင်းအမှတ် (၇) သို့အရောက် Srixon Soft Feel No.2 ဘောလုံးကို Shuttle Wood No.3 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တာချီလိတ်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

တာချီလိတ် မေ ၄

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ဧပြီ ၂၁ ရက် ညနေ ၃ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။ အခမ်းအနားတွင် ဥက္ကဋ္ဌဦးထိန်မင်း (မင်းအေးငြိမ်းဈေ)က စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)အရေးပေါ် ညီလာခံဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အတွင်းရေးမှူး ဦးမောင်ကြည် (မောင်ဆွေငြိမ်း)က တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာကို ဖတ်ကြားပြီး ဘဏ္ဍာရေးမှူး ရဲအုပ်စံသိန်း (မောင်ဖိုးစံ-ဒူးယား)က ရငွေသုံးငွေစာရင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက မြို့နယ်စာရေးဆရာများအသင်း အလုပ်အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ ဦးထိန်မင်း(မင်းအေးငြိမ်းဈေ)၊ အတွင်းရေးမှူး ဦးမောင်ကြည်(မောင်ဆွေငြိမ်း)၊ ဘဏ္ဍာရေးမှူး ရဲအုပ်စံသိန်း (မောင်ဖိုးစံ-ဒူးယား) တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ တက်ရောက်ကြရန်နှင့် သာသနာ့ဗိမာန်ရုံးအဖွဲ့၊ ဖုန်း-၀၅၆-၂၂၀၁၄၊ ၂၂၀၁၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (၀၄၉)

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း(Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်း (Use of Defective Tools and Applian)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။ **(မီးသတ်ဦးစီးဌာန)**

အလုပ်သမားနေ့အခမ်းအနား ညောင်တုန်း၌ကျင်းပ

ညောင်တုန်း မေ ၄

ညောင်တုန်းမြို့နယ်၌ အလုပ်သမားနေ့အခမ်းအနားကို ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် မေ ၁ ရက်က ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော အလုပ်သမားနေ့ သဝဏ်လွှာကို ညောင်တုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** (၀၈၂)

အလုပ်သမားနေ့ အခမ်းအနားကျင်းပ

ဗန်းမော် မေ ၄

ဗန်းမော်မြို့နယ် မြို့တော်ခန်းမ၌ မေ ၁ ရက် နံနက် ၈ နာရီက အလုပ်သမားနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အလုပ်သမားနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ဖတ်ကြားသည်။ ဆက်လက်၍ အလုပ်သမားကိုယ်စားလှယ် ဦးစိုးဝင်းနှင့် အလုပ်ရှင်ကိုယ်စားလှယ် ဦးကျော်သန်းဌေးတို့က အလုပ်သမားဥပဒေနှင့် အလုပ်သမားများ အခွင့်အရေးကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရွှေတိဂုံပုံတူ စေတီတည်ထားရန်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရေးစည်းဝေး

နေပြည်တော် မေ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ White Horse Temple ၌ မြန်မာနိုင်ငံမှ ပူဇော်ရန် ခွင့်ပြုထားသော မြေနေရာတွင် ရွှေတိဂုံ ပုံတူစေတီ တည်ထားရန်နှင့် ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရွှေတိဂုံ ပုံတူစေတီ တည်ထားရန်နှင့် ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရေးဦးစီး ကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က နိုင်ငံတော်သမ္မတ၏ ၂၀၁၁ ခုနှစ် မေလ တွင် သွားရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မေတ္တာ ရပ်ခံချက်နှင့် တရုတ်ဗုဒ္ဓဘာသာအသင်း များအပေါ် ထားရှိသည့် စေတနာကြောင့် တရုတ်နိုင်ငံ လော့ယန်မြို့၌ ရွှေတိဂုံ ပုံတူ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ဗုဒ္ဓဘာသာသမိုင်းတွင် အစောဆုံးကာလ ကတည်းက ဗုဒ္ဓဘာသာအငွေ့အသက် လွှမ်းခြုံမှုအရှိဆုံးနှင့် သာသနာထင်ရှား ထွန်းလင်းမှုအရှိဆုံး ဒေသဖြစ်သည့် လော့ယန်မြို့၌ ဉာဏ်တော် ၁၀၈ ပေ အမြင့်ရှိမည့် စေတီတော်ကြီးကို တည် ထားသွားမည်ဖြစ်ရာ ပြီးစီးပါက တရုတ် နိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံး တည်ရှိ မည့် စေတီတော်တစ်ဆူ ဖြစ်လာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက စေတီတည်ထားကိုးကွယ် ရာတွင် လိုအပ်ချက်များ၊ ဆောင်ရွက် ရမည့်ကိစ္စရပ်ကို တင်ပြဆွေးနွေးပြီး ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူ များက ဆပ်ကော်မတီအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့် ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား သည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ White Horse Temple ၌ မြန်မာနိုင်ငံမှ ပူဇော်ရန် ခွင့်ပြုထားသော မြေနေရာတွင် ရွှေတိဂုံပုံတူ စေတီတည်ထားရန်နှင့် ဝိပဿနာကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

ပုဏ္ဏားကျွန်း မေ ၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ (၁၆)ကြိမ်မြောက် မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မြို့မ ဇေစေတီဘုရားဓမ္မာရုံ၌ မေ ၄ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းစိန်က သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်ပြီး တက်ရောက် လာကြ သူများက အသက်(၈၀)နှင့်အထက် အပူဇော်ခံသက်ကြီးအဘိုးအဘွား ၁၁၄ ဦး အား အလှူငွေနှင့် ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ပူဇော်ကန်တော့ခံ သက်ကြီးများကိုယ်စား အဘိုးအဘွားတစ်ဦးစီက ဝမ်းမြောက်စကားပြောကြားခဲ့ ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ထူးခြားသည့် အပူချိန်

နေပြည်တော် မေ ၄

မင်းဘူးမြို့
၄၃ ဒီဂရီစင်တီဂရိတ်

ချောက်မြို့
၄၂ ဒီဂရီစင်တီဂရိတ်

မကွေးမြို့
၄၂ ဒီဂရီစင်တီဂရိတ်

မြင်းခြံမြို့
၄၁ ဒီဂရီစင်တီဂရိတ်

တောင်တွင်းကြီးမြို့
၄၁ ဒီဂရီစင်တီဂရိတ်

စီမံကိန်းရေးဆွဲရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်စီမံကိန်းများ ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် ဧပြီ ၃၀ ရက် နံနက် ၈ နာရီခွဲက မြောက်ပိုင်းခရိုင်စီမံကိန်းရုံး၌ တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေး မှာကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က အမှာစကားပြောကြားပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်က စီမံကိန်း လုပ်ငန်းများအကြောင်းနှင့် ဆင်းရဲမှုလျှော့ချရေးအကြောင်း ဆွေးနွေးတင်ပြသည်။ ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က လုပ်ငန်းပိုင်းဆိုင်ရာများနှင့် မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေလင်းက ခရိုင် အတွင်းလုပ်ဆောင်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဥပုသ်နေ့)

၅-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၃၀ နံနက်ခင်းသတင်း

၇:၄၀ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ ရွှေစေတီ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသဟောကြားတော်မူအပ်သော **ကဆုန်လပြည့် ဗုဒ္ဓနေ့** တရားတော်

နေ့လယ်ပိုင်း

၁၄:၁၀ **တစ်ပါးသီလ-၂**
ဖိုးသောကြာ၊ မြင့်စိုင်းသားအောင်အောင်၊ စောနိုင်(ရှမ်းပြည်)၊တင်တင်လှ၊ ဟန်လေး [ဒါရိုက်တာ- တင်မောင်အေး (တစ်ပါးသီလ)]

ညပိုင်း

၄:၄၅ **ကဆုန်လပြည့်ဗုဒ္ဓနေ့ ပါဝင်နွဲပျော် ညောင်ရေသွန်းပွဲတော်**

၅:၀၀ ကဆုန်လပြည့်နေ့တေးများ

၆:၀၀ ညနေခင်းသတင်း

၆:၁၅ မိုးလေဝသအခြေအနေ

၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် **(သံဝေဇနီယလေးဌာန)** **(ဖွားပွင့်၊ ဟော၊ စံ)**

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

ယမန်နေ့မှအဆက်

(၆) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ** ပြိုင်ပွဲနှင့်ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုပါသည်။ မူလတန်းအဆင့် (၃ တန်း၊ ၄ တန်း)၊ အလယ်တန်းအဆင့်(၅၊ ၆၊ ၇ တန်း)နှင့် အထက်တန်း အဆင့် (၈၊ ၉၊ ၁၀ တန်း)ယှဉ်ပြိုင်ခွင့်ပြုပါသည်။ အတန်းအထောက် အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ သက်ဆိုင်ရာ အဆင့်တွင်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့် စက္ကူယူလာရန် မလို။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာ နည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ သရုပ်ဖော်ရေးဆွဲစေပြီး ကျောဘက်တွင် လက်မှတ်ရေးထိုးရ မည်။

(၇) **ဓာတ်ပုံ** ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀×၁၄)လက်မအရွယ် ဆေးရောင်စုံကာလာ(Colour)(သို့)အဖြူအမည်း (Mono Chrome)ဓာတ်ပုံငါးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ မည် သည့် ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ ရိုက်ကူးခြင်း နှင့် ပုံကူးချဲ့ခြင်းများကို စိတ်ကြိုက်ဖန်တီးရိုက်ကူးနိုင်သည်။ စိတ်ကြိုက် ပေါင်းစပ် ဖန်တီးကူးချဲ့နိုင်သည်။ Original Raw File (သို့) 300dpi Resolution ရှိ 10"×14" အရွယ် Tiff file CD-R ဖြင့် ထည့်သွင်း၍ ပေးပို့ရန်နှင့် မိမိကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများ တွင် ဆုရရှိပြီးသောပုံမဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။ (ပြိုင်ပွဲဝင်ဓာတ်ပုံများ၏နောက် ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိသေးကြောင်းဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့ အရွယ် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက်ပေးပို့ရမည်။)

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် အထက်တန်း အဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲပြီး ကျင်းပပြုလုပ်ရမည် ဖြစ် သည်။ အထက်တန်းအဆင့်အတွက်(၈၊ ၉၊ ၁၀)တန်းကျောင်းသား/သူ များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊ ၆၊ ၇)တန်း ကျောင်းသား/သူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များ အတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲ ရန်၊ (Software Programme ကို Corel-draw, Photoshop, Clarif office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။)

(ခ) ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရန်။

(ဂ) CD ဖြင့်ကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပေးပို့ရန်။

(၉) **ကွန်ပျူတာပိုစတာ** ပြိုင်ပွဲအား အလွတ်တန်းတစ်တန်းတည်းသာ သတ်မှတ်ပြီး အသက် (၁၅)နှစ်အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁)ပုံသာယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ထောက်ခံချက်ဖြင့်ပေးပို့ရပါမည်။ ပိုစတာပီသ ခြင်း၊ ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်မှုရှိခြင်း၊ တင်ပြပုံ ရှင်းလင်းသပ်ရပ် ခြင်းကို အဓိကထား ရွေးချယ်မည်ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

မြန်မာ့အလင်း ဖတ်စရာ၊ မှတ်စရာ ၄-၅-၂၀၁၂

လျှပ်စစ်နှင့် မီးဘေးအန္တရာယ်

ပူပြင်းခြောက်သွေ့သောနွေရာသီ၏ အပူရှိန်မြင့်သောကာလသို့ရောက်ရှိ နေပြီဖြစ်ရာ မီးဘေးအန္တရာယ်ကို အထူးသတိထားနေသည့်ကြားမှ မီးလောင်မှု များ မကြာခဏဖြစ်ပေါ်နေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိနေရပါသည်။ "လူခိုးတော့ အစုတ်ကျန် မီးခိုးတော့ အပြုတ်နှံ"ဟူသောစကားနှင့်အညီ တစ်ဦး တစ်ယောက်၏ပေါ့ဆမှုကြောင့် တစ်လမ်းလုံး၊ ရပ်ကွက်လုံး ချွတ်ခြုံကျ၍ ပြုတ်ပြုတ် ပြုန်းရသည်မှာ ရင်နာဖွယ်ရာကောင်းလှပေသည်။

မီးလောင်မှုများနှင့်ပတ်သက်၍ ယမန်နှစ်မတ်လတွင် မြန်မာနိုင်ငံအဝန်း မီးလောင်မှု ၁၃၈ကြိမ်ဖြစ်ပွားခဲ့ပြီး ယခုနှစ် ၂၀၁၂ ခုနှစ် မတ်လ၌မီးလောင်မှု ၁၆၉ ကြိမ်ဖြစ်ပွားခဲ့သဖြင့် ယမန်နှစ်ကထက် ၃၁ ကြိမ်ပို၍ မီးလောင်သည်ကို လေ့လာတွေ့ရှိရသည်။

ယခုနှစ်မတ်လတွင် ဖြစ်ပွားခဲ့သောမီးလောင်မှု ၁၆၉ ကြိမ်အနက် မီးဖိုမီး ပေါ့ဆမီး အကြိမ် ၁၂၀၊ လျှပ်စစ်ကြောင့်လောင်သောမီး ၃၂ ကြိမ်၊ အလိုအလျောက် လောင်သောမီး လေးကြိမ်၊ မသမာသူတို့ရှို့မီး ခုနစ်ကြိမ်နှင့် တောမီးခြောက်ကြိမ် လောင်ရာ လျှပ်စစ်ကြောင့်လောင်သောမီးမှာ ဒုတိယအများဆုံးဖြစ်ပြီး ရာခိုင်နှုန်း အားဖြင့် ၁၈ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိသည်။

လျှပ်စစ်ဓာတ်အားကြောင့် မီးလောင်မှုဖြစ်ပွားရသည်မှာ ဝိုင်ယာရှော့ခ်ဖြစ် ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ အပူလွန်ကဲခြင်းတို့ကြောင့် မီးလောင်မှု ဖြစ်ပွားလေ့ရှိရာ ယခုနှစ်မတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော မီးလောင်မှုများအနက် စာရေးသူမှတ်မိသမျှ လျှပ်စစ်ဓာတ်အားကြောင့် မီးလောင် ခဲ့သည့် ဖြစ်စဉ်အချို့မှာ-

မတ် ၄ ရက် ည ၁၁ နာရီ ၉ မိနစ်တွင် မန္တလေး ချမ်းအေးသာစံမြို့နယ် အကွက် ၅၉၆ ၊ ၈၂ လမ်း ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ RC သုံးထပ် အဆောက်အအုံ စာရေးကိရိယာ ဂိုဒေါင်တွင် လျှပ်စစ်ဘရိတ်ကာ အပူလွန်ကဲ ရာမှ မီးလောင်ရာ ငွေကျပ် သိန်း ၁၄၀ ခန့် ဆုံးရှုံးရကြောင်း၊ အလားတူ မတ် ၁၁ ရက် နံနက် ၉ နာရီခွဲက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း (၃)ရပ်တွင် လျှပ်စစ်ပေါင်းအိုးနှင့် ထမင်းချက်ရာ အပူရှိန်လွန်ကဲ၍ မီးလောင်ရာ ဆိုင်ခန်းလေးခန်းနှင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးရကြောင်း၊ မတ် ၁၄ ရက် ကလည်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်ကွက် ခြောက်ထပ်ကြီးဘုရားဝင်း အတွင်းရှိ ဇေယျသုခကာရီကျောင်းတိုက်အတွင်း မီးအားမြင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ ကျောင်းအပေါ်ထပ်တစ်ထပ်လုံးနှင့် အောက်ထပ်ရှိ အသုံး အဆောင်ပစ္စည်းများအားလုံး မီးလောင်ဆုံးရှုံးရကြောင်း၊ မတ် ၁၄ ရက်မှာပင် ကလေးမြို့ ဗိုလ်ချုပ်လမ်း ပင်လုံနယ်မြေ(၅) နှစ်ထပ်တိုက် အပေါ်ထပ်တွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းခဲ့ကြောင်း၊ မတ် ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ကလည်း ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုတ(၁)လမ်းရှိ အိမ်တစ်အိမ်အပေါ်ထပ်တွင် ဝိုင်ယာကြိုးမှ ရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းရာ နေအိမ် ၁၄ လုံး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရှိခဲ့ရသည်။

စာရေးသူ၏ ရုံးအနီးတွင်လည်း လျှပ်စစ်ပေါင်းအိုးဖြင့် ထမင်းချက်ပြီး အပြင်သို့ ခေတ္တသွားကြရာ လျှပ်စစ်ပေါင်းအိုး အပူလွန်ကဲ၍ ထမင်းတူးနံ့ရသဖြင့် အချိန်မီကာကွယ်နိုင်၍ မီးလောင်ဆုံးရှုံးမှုအန္တရာယ်မှ သီသီလေး လွတ်ခဲ့ရ ပေသည်။

အဆိုပါမီးလောင်မှုများကို ဖြစ်စေသောလျှပ်စစ်ဓာတ်အားသည် လူတို့၏ စားရေး၊ ဝတ်ရေး၊ နေရေး၊ ချက်ပြုတ်ရေး၊ ဖျော်ဖြေရေး၊ အလင်းရောင်ရရှိ ရေးသာမက ကုန်ပစ္စည်းထုတ်လုပ်ရေးတို့အတွက် မရှိမဖြစ်လိုအပ်ပြီး ခလုတ် တစ်ချက်နှိပ်ရုံဖြင့် လျှပ်စစ်ဓာတ်အားကို လွယ်လင့်တကူ အသုံးပြုနိုင်သော်လည်း ခလုတ်ပျက်၍ ခလုတ်တစ်ချက်မပိတ်မိ၍ မီးလောင်ဆုံးရှုံးကြရသည်က ရင်နာ ဖွယ်ကောင်းလှပါသည်။

"ပျက်အစဉ် ပြင်ခဏ"ဟူသော ဆိုရိုးစကားကဲ့သို့ မိမိတို့နေအိမ်အသီးသီး တွင် အသုံးပြုနေသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ ပျက်နေ၊ ကွဲနေ၊ ဟောင်းနွမ်းနေပါက အမြန်လဲလှယ်တပ်ဆင်ပါ။ အမြန်ပြုပြင်ပါ။ လျှပ်စစ်ပစ္စည်း အဟောင်းအပျက်တို့ကြောင့် ဓာတ်လိုက်မှုဖြစ်ရ၊ မီးလောင်မှုဖြစ်ကြရသည်။

လျှပ်စစ်သည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်ပေမည်။ ထမင်းပေါင်းအိုးခလုတ်ပျက်၍ အပူလွန်ကဲခြင်း၊ မီးအားမြှင့်စက်ချွတ်ယွင်း၍ အပူလွန်ကဲခြင်း၊ လျှပ်စစ်မီးဖိုကို အသုံးပြုနေရာမှ မီးဖိုခလုတ်မပိတ်မိဘဲ တံခါး ပိတ်၍ အပြင်ထွက်ခြင်း၊ မီးပျက်၍ အမှတ်တမဲ့နေခိုက် မီးပြန်လာချိန်တွင် လျှပ်စစ် မီးဖိုအပူလွန်ကဲခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် လျှပ်စစ် ဓာတ်အားအသုံးပြုရာတွင် သတိထားရန်လိုအပ်သလို သုံးစွဲနေသော လျှပ်စစ် ပစ္စည်းများကိုလည်း အခါအားလျော်စွာ စစ်ဆေးရန်လိုအပ်ပြီး အချိန်မီပြုပြင် ခြင်းဖြင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားအသိပေးလိုက်ရပါတော့သည်။

မောင်မောင်(လျှပ်စစ်)

မိုးမြင့်လင်းလက် - စုစည်းသည်

ကမ္ဘာ့အသက်အကြီးဆုံးဘွဲ့ရကျောင်းသား ဩစတြေးလျမှ အလန်စတီးဝပ်ဖြစ်လာ

ဆစ်ဒနီ မေ ၄

ဩစတြေးလျနိုင်ငံမှ အသက် ၉၇ နှစ်အရွယ်ရှိ အမျိုးသားကြီးတစ်ဦးသည် မေ ၄ရက်က တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ရာ ကမ္ဘာပေါ်တွင် အသက်ကြီးဆုံး ဘွဲ့ရကျောင်းသားကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

ဥပဒေဘွဲ့ကိုလည်း ရယူနိုင်ခဲ့သဖြင့် ထိုစဉ်ကပင် အသက်အကြီးဆုံး ကျောင်းတက်ဘွဲ့ယူမည့် ကျောင်းသားကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သူဖြစ်သည်။

အလန်စတီးဝပ်သည် ၁၉၃၆ ခုနှစ်၌ ဆစ်ဒနီမြို့တက္ကသိုလ်မှ သမိုင်းဆိုင်ရာ ဘွဲ့ကိုလည်း ပထမဆုံးရယူနိုင်ခဲ့ရာ ယခုအချိန်၌ ဘွဲ့လေးဘွဲ့ရရှိနေပြီဖြစ်သည်။

လုပ်ကိုင်ခဲ့

သူသည် အမေရိကန်နိုင်ငံ ချီကာဂိုမြို့ နော့ဝက်စ်စတင်းတက္ကသိုလ်မှ သွားဘက်ဆိုင်ရာ ခွဲစိတ်ကုသမှုပညာဘွဲ့ကိုလည်း ရယူခဲ့သည့်အပြင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ သွားဘက်ဆေးကုသရေးဆိုင်ရာ ဆရာဝန်တစ်ဦးအဖြစ် လက်တွေ့လုပ်ကိုင်ခဲ့သူလည်းဖြစ်သည်။

အလန်စတီးဝပ်အမည်ရှိ ၄င်းအမျိုးသားကြီးသည် ဩစတြေးလျနိုင်ငံ လစ်မိုရီမြို့ရှိ ဆောက်သန်းခရော့စ်တက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ သူသည် အသက် ၉၁ နှစ်အရွယ်တွင် နယူးအင်္ဂလန်တက္ကသိုလ်မှ

ဘွဲ့လေးဘွဲ့ရရှိ

အလန် စတီးဝပ်သည် ယခုအခါ ဘွဲ့လေးဘွဲ့ ရရှိနေပြီဖြစ်သော ကမ္ဘာ့အသက်အကြီးဆုံး ဘွဲ့ရတစ်ဦးလည်းဖြစ်သည်။ **(အင်တာနက်)**

အီရန်မှ ဘူရှားနျူကလီးယားစက်ရုံ မကြာမီစွမ်းအားပြည့် စတင်လည်ပတ်မည်

မော်စကို မေ ၄

အီရန်နိုင်ငံမှ ဘူရှားနျူကလီးယားစက်ရုံကို လာမည့် မေ ၂၃ ရက်တွင် စွမ်းရည်အပြည့်အဝလည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း ရုရှားနိုင်ငံမှ နျူကလီးယားစက်ရုံတည်ဆောက်ရေးကုမ္ပဏီအော်တိုစတွိုင်းအိတ်စပို့က မေ ၄ ရက်၌ ပြောကြားသည်။

ပြုလုပ်လျက်ရှိ

အီရန်နိုင်ငံ၏ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံသည် မေလအစောပိုင်းကပင် တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ **(ဝဲပုံ)**ပုံမှန်စတင် စမ်းသပ်လည်ပတ်မှုများလည်း ပြုလုပ်လျက်ရှိရာ မကြာမီ စွမ်းရည်အပြည့်အဝလည်ပတ်နိုင်တော့မည်ဖြစ်သည်။

ဘူရှားနျူကလီးယားဓာတ်အားပေးစက်ရုံကို ကနဦးက ၂၀၁၂ ခုနှစ် ဖွန်လခန့်၌သာ စတင်လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားခဲ့သည်ဖြစ်ရာ ယခုအခါ သတ်မှတ်ချိန် ပိုမိုစောပြီး လည်ပတ်နိုင်မည်ဖြစ်သည်။ ဘူရှားနျူကလီးယားဓာတ်အားပေးစက်ရုံကို ၁၉၇၅ ခုနှစ်က ဂျာမနီကုမ္ပဏီတစ်ခုက စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်း ၁၉၉၈ ခုနှစ်မှ စတင်ကာ ရုရှားကုမ္ပဏီက အပြီးသတ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အက်စ်အေအဂူလ်ဟက်စ် II သုတေသနသင်္ဘောသစ် တောင်အာဖရိကသို့ ဆိုက်ရောက်လာ

ကိတ်တောင်း မေ ၄

တောင်အာဖရိကနိုင်ငံ၏ သုတေသနလုပ်ငန်းများအတွက် အထောက်အကူပြုပေးနိုင်သည့် အက်စ်အေအဂူလ်ဟက်စ် II အမည်ရှိ သုတေသနသင်္ဘောသစ်တစ်စင်းသည် ကိတ်တောင်းမြို့သို့ မေ ၄ ရက်၌ ဆိုက်ရောက်လာခဲ့ပြီဖြစ်သည်။

အဆိုပါသင်္ဘောကို ဖင်လန်နိုင်ငံက တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး တောင်အာဖရိကနိုင်ငံက ယခင်အသုံးပြုနေသော အက်စ်အေအဂူလ်ဟက်စ် သုတေသနသင်္ဘောနေရာတွင် အစားထိုးဆောင်ရွက်ရန် စီစဉ်ထားသည်။

စမ်းသပ်စစ်ဆေး

အက်စ်အေအဂူလ်ဟက်စ် II သင်္ဘောသစ် **(ယာပုံ)**ကို တောင်အာဖရိကသဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။ လောလောဆယ်တွင် ၄င်းသင်္ဘောကို လေ့ကျင့်ရေးနှင့် တပ်ဆင်ထားသောကိရိယာများ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။

စေလွှတ်မည်

ထိုသို့ စစ်ဆေးမှုများ ပြုလုပ်ပြီးပါက လာမည့် ဒီဇင်ဘာ၌ အန္တာတိကဒေသသို့ ရာသီဥတုဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်မည်ဖြစ်သည်။ **(အင်တာနက်)**

မက္ကဆီကို၌ သတင်းထောက်နှစ်ဦးသေဆုံးလျက်တွေ့ရှိ

မက္ကဆီကိုစီးတီး မေ ၄

မက္ကဆီကိုနိုင်ငံအရှေ့ပိုင်း ဗီရာခရုစ်ပြည်နယ်၌ မေ ၃ ရက်ကတွေ့ရှိသည့် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ထားသည့် အလောင်းလေးလောင်းအနက် နှစ်လောင်းမှာ သတင်းစာဆရာနှစ်ဦး၏ရုပ်အလောင်းများဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်များက ပြောကြားသည်။ **(ယာပုံ)**

ပြောကြား

အသတ်ခံရသည့် သတင်းထောက်နှစ်ဦးမှာ မေ ၂ ရက်က ပျောက်ဆုံးသွားခဲ့သည့် ဂီလာမိုကူနာဗာရီလာနှင့် ဂါဘရီယယ်ဟူးတို့ဖြစ်ကြောင်း ဗီရာခရုစ်ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ စန္ဒြာဂါဆီယာက ပြောကြားသည်။

မသိရသေး

ကျန်ရုပ်အလောင်းနှစ်လောင်းမှာ အက်စကီဘန်ရိုဒရီဂွက်နှင့် အိုင်ရာဆီမာကီစာရာတို့၏ ရုပ်အလောင်းများဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဟာဗီးယားဒွါတေဒီအိုချိုရာက ပြောကြားသည်။ ၄င်းတို့နှစ်ဦးမှာ သတင်းစာဆရာများ ဟုတ်မဟုတ် ချက်ချင်းမသိရသေးဟုဆိုသည်။ **(အင်တာနက်)**

နယူးဇီလန်၌ လူမှောင်ခိုကုန်ကူးမှု ဖော်ထုတ်

ဝယ်လင်တန် မေ ၄

နယူးဇီလန်လူဝင်မှုကြီးကြပ်ရေးအရာရှိများက မလေးရှားလူကုန်ကူးသူတစ်ဦးကို ဖော်ထုတ်ပြီးနောက် လူကုန်ကူးခံရသူ တရုတ်လူမျိုးသုံးဦးအား နေရပ်သို့ပြန်ပို့လိုက်ကြောင်း နယူးဇီလန်လူဝင်မှုကြီးကြပ်ရေးဌာနက မေ ၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

မလေးရှား နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ခရီးသည်လေးဦးအား အော့ကလန်လေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တာဝန်ရှိသူများက စစ်ဆေးရာ သုံးဦးမှာ လက်မှတ်အတုကိုင်ဆောင်ထားသူများဖြစ်နေကြောင်း စတင်တွေ့ရှိပြီး တရုတ်နိုင်ငံသားများဖြစ်ကြောင်း သိရှိရသည်။ ကျန်တစ်ဦးမှာ မလေးရှားလူကုန်ကူးသူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ မလေးရှားလူကုန်ကူးသူကိုလည်း တရုတ်သုံးဦးအား နေရပ်ပြန်ပို့သကဲ့သို့ ပြန်ပို့မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကဘူးလ်မြို့တော်၌ ကားဗုံးခွဲတိုက်ခိုက်၊ လူခြောက်ဦးသေဆုံး

ကဘူးလ် မေ ၄

အမေရိကန်သမ္မတ ဘားရက်အိုဘားမား အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာသွားပြီးနာရီပိုင်းအတွင်းတွင် မြို့တော် ကဘူးလ်၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူခြောက်ဦး သေဆုံးခဲ့ရသည်။ **(ဝဲပုံ)**

အသေခံဗုံးခွဲသမားသည် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ၄င်း၏ မော်တော်ကားဖြင့် အီးယူနှင့် ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ အသုံးပြုသည့် နိုင်ငံခြားသား တည်းခိုဆောင်အဆောက်အအုံအတွင်း ဇွတ်မောင်းဝင်ပြီး ဗုံးခွဲခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မေ ၃ ရက်တွင် ပြောကြားသည်။

ယင်းသို့ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားငါးဦးနှင့် လုံခြုံရေးအစောင့်တစ်ဦးသေဆုံးခဲ့သည်။ ကဘူးလ်မြို့ အဓိကလေဆိပ်အနီးရှိ နိုင်ငံခြားသားများတည်းခိုသည့် အဆောင်ကြီးဆီမှ ပေါက်ကွဲသံများ၊ သေနတ်သံများကြားရကြောင်း အနီးအနားမှ ပြည်သူများက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၄-၅-၂၀၁၂

တင်မောင်လှိုင်-စုစည်းသည်

ဩစတြီးယားရဲတပ်ဖွဲ့ ယူရို ၅ သိန်းတန်ဖိုးရှိ ကိုကင်းများဖမ်းဆီးရမိ

ဩစတြီးယားရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတောင်ပိုင်းကာရင်သီယာ ပြည်နယ်မှ ခန့်မှန်းငွေ ယူရို ငါးသိန်း(အမေရိကန်ဒေါ်လာ ခြောက်သိန်း)တန်ဖိုးရှိ အဆင့်မြင့်ကိုကင်း သုံးကီလိုဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း မေ ၃ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ ဩစတြီးယားရဲတပ်ဖွဲ့ဝင်များသည် ယခုသီတင်းပတ်အစောပိုင်းက စစ်ဆေးမှုများပြုလုပ်ပြီးနောက် သံသယရှိသူငါးဦးအား မေ ၂ ရက်က ဖမ်းဆီးလိုက်ကြောင်း ဩစတြီးယားရဲအရာရှိများက ပြောကြားသည်။ သံသယရှိသူများထဲမှ နှစ်ဦးမှာ အီတလီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် ဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်နေကြသူများဖြစ်သည်။ ၄င်းတို့နှစ်ဦးသည် ကိုကင်းများကို ကားဖြင့်သယ်ဆောင်လာပြီး ဩစတြီးယားနိုင်ငံ ကာရင်သီယာပြည်နယ်ရှိ ဒေသတွင်း ဈေးကွက်သို့ ရောင်းချရန် ရည်ရွယ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဩစတြီးယားအထူးတပ်ဖွဲ့နှင့် ဗဟိုမှူခင်းတပ်ဖွဲ့မှ ရဲအရာရှိများပူးပေါင်းကာ အဆိုပါသံသယရှိသူများ၏ နေအိမ်များအတွင်း ရှာဖွေစစ်ဆေးခဲ့ရာ အဆင့်မြင့်ကိုကင်းအနည်းငယ်နှင့် အခြားမူးယစ်ဆေးဝါးများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်၌ လေယာဉ်ပျက်ကျ

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်ရှိ လေဆိပ်တစ်ခုအနီး၌ မေ ၃ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျပြီးနောက် လူငယ်နှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များကပြောကြားသည်။ အင်ဂျင်တစ်လုံးတပ် Beech 35 အမည်ရှိအဆိုပါလေယာဉ်ငယ်သည် အီလီနွိုက်ပြည်နယ် မတ်ဟင်နရီစီရင်စု ပေးစ်လေဆိပ်အတွင်းရှိ ရေကန်တစ်ကန်၏အရှေ့ဘက်ချိုင့်ခွက်အတွင်း၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတစ်ရပ်က ဖော်ပြသည်။ မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ ကျယ်လောင်သောလေယာဉ်အသံကြီးကို ကြားခဲ့ရကြောင်း၊ သို့သော်လည်း ယင်းအသံကြီးမှာ လေယာဉ်ပျံတက်သည် သို့မဟုတ် ဆင်းသည်ကိုမူ ရှင်းလင်းစွာ မသိရှိရကြောင်း ၄င်းတို့က ဆိုသည်။ ဖြစ်ပွားမှုနှင့်ပတ်သက်၍စုံစမ်းစစ်ဆေးလျက်ရှိပြီး ယခုအချိန်အထိဖြစ်ပွားရသည့် အကြောင်းအရင်းမသိရှိရသေးကြောင်း၊ ယင်းနေရာရှိ လမ်းများကိုပိတ်ဆို့ပြီးလေယာဉ် အပျက်အစီးများကို ရှင်းလင်းလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**(အောက်ပုံ)** **(အင်တာနက်)**

နိုင်ငံတကာသတင်းသုတ

နိုင်ငံတကာသတင်းသုတ

အမေဇုန်ဒေသအတွင်း ပြစ်မှုများနှိမ်နင်းမည့် စစ်ဆင်ရေးစတင်

တိုး - ရေးသားသည်

ကမ္ဘာ့အပင်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်းများစွာသိုမှီးရာအရေးပါသည့်နေရာတစ်နေရာကိုညွှန်ပြပါဆိုလျှင် တောင်အမေရိကတိုက်မှ အမေဇုန် သစ်တောကြီးကို ပြရမည်ဖြစ်သည်။ အမေဇုန်မိုးသစ်တော၏ အများစုပိုင်ဆိုင်မှုအကျယ်အဝန်းမှာ ဘရာဇီးနိုင်ငံအတွင်း၌ တည်ရှိသည်။

ဘရာဇီးနိုင်ငံသည် မကြာမီနှစ်များအတွင်းက သန်းပေါင်းများစွာသော ပြည်သူတို့ကို ဆင်းရဲတွင်းမှဆွဲထုတ်နိုင်သည့် ထင်ရှားသောခြေလှမ်းများကို လှမ်းနိုင်သည့် နိုင်ငံဖြစ်သည်။ လူဦးရေ ၁၉၆ ဒသမ ၆ သန်းရှိကာ ဘရာဇီးနိုင်ငံသည် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းရာတွင် အမေဇုန်သစ်တောနှင့် ပတ်သက်၍လည်း ချန်ထားရစ်၍မရပေ။

စတင်ဆင်နွှဲ

ကျယ်ပြောသည့် အမေဇုန်ဒေသအတွင်း မူးယစ်ဆေးဝါးမှောင်ခိုမှု တိုက်ဖျက်ရေး၊ သစ်ခိုးခုတ်မှု နှိမ်နင်းရေး၊ တရားမဝင် သတ္တုတူးဖော်မှု ဖော်ထုတ်အရေးယူရေးအတွက် ဘရာဇီးအစိုးရက အမေဇုန်ရာဇဝတ်မှု တိုက်ဖျက်နှိမ်နင်းမည့် စစ်ဆင်ရေးသစ်ကို စတင်ဆင်နွှဲလိုက်ပြီဖြစ်သည်။

အမေဇုန်ဒေသ ပြစ်မှုနှိမ်နင်းမည့် စစ်ဆင်ရေးတွင် ဘရာဇီးတပ်ဖွဲ့ဝင် ၈၅၀၀ကျော်ပါဝင်သည်။နိုင်ငံမြောက်ပိုင်း နယ်စပ်တစ်လျှောက် မိုင် ၃၁၀၀ ကျော် တစ်နံတစ်လျားကို တပ်ဖွဲ့ဝင်များက ကင်းလှည့် စောင့်ကြပ်ကာ ပြစ်မှုများ ဖော်ထုတ်နှိမ်နင်းသွားမည်ဖြစ်ပါ၏။

အသိပေးရှင်းလင်း

ကြီးမားကျယ်ပြန့်သည့် ဤစစ်ဆင်ရေး၏အလားအလာများနှင့်စပ်လျဉ်း၍ ဗင်နီဇွဲလားနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများအတွင်း စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လာစေသည်။ သို့သော် ဘရာဇီးအစိုးရက အိမ်နီးချင်းနိုင်ငံများအား စစ်ဆင်ရေးကိစ္စကို အသိပေးရှင်းလင်းထားသည်။

စစ်ဆင်ရေး၏ သဘောသဘာဝအပေါ် ပူပန်ထိတ်လန့်မှု မရှိကြရန် ဘရာဇီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး ဟိုဆေးကာလို့စ်ဒီနာဒီကိုယ်တိုင် ဗင်နီဇွဲလား၊ ဂိုင်ယာနာနှင့် ဆူရီနမ်နိုင်ငံများသို့ သွားရောက်ရှင်းလင်းပြခဲ့သည်။

စစ်ဆင်ရေး၏ ရည်ရွယ်ချက်မှာ အမေဇုန်ဒေသအတွင်း ပြစ်မှုနှိမ်နင်းရန်နှင့် မိမိတို့နိုင်ငံပိုင်နက်နယ်မြေအတွင်းမှ ဝေးလံခေါင်ဖျားဆုံး ဒေသတစ်ခုဖြစ်သည့် ဤနယ်စပ်ဒေသ၌ တာဝန်ချထားသည့် လုံခြုံရေးတပ်များကို အားဖြည့်ပေးရန်ပင်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဟိုဆေးကာလို့စ်ဒီနာဒီက အိမ်နီးချင်းနိုင်ငံများကို ရှင်းပြခဲ့သည်။

လျစ်လျူရှု၍မရ

၂၀၅၀ ပြည့်အရောက်တွင် ကမ္ဘာ့စီးပွားရေးကျားတစ်ကောင် ဖြစ်လာနိုင်သည့် ဘရာဇီးနိုင်ငံအနေဖြင့် ပြစ်မှုများအထူးသဖြင့် မူးယစ်ဆေးဝါးမှောင်ခိုမှုကို လျစ်လျူရှု၍ မရတော့ပေ။

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသရှိ မြို့ကြီးမြို့ငယ်များ၏ လမ်းသိမ်လမ်းငယ်များမှ ညအချိန်ထွက်လာသည့် စိမ်းရွှေရွှေအနံ့များသည် တစ်မြို့လုံးလှိုင်နေတတ်သည်။ ထို့အနံ့မှာ အခြားမဟုတ် အုပ်စုလေးများဖွဲ့ကာ မူးယစ်ဆေးဝါးသုံးစွဲရာမှ ထွက်လာသည့်အနံ့ဖြစ်သည်။ သုံးစွဲသည့် မူးယစ်ဆေးဝါးက "အောက်ဇီ"ဖြစ်သည်။ အောက်ဇီမှာ အောက်ဇီဒါဒိုကို အတိုကောက်ခေါ်ခြင်းဖြစ်သည်။အရက်ထက်ပိုမိုပြင်းသော မူးယစ်ဆေးတစ်မျိုးဖြစ်သည်။ ကိုကင်းချက်ရာမှ အကြွင်းအကျန်တို့ကို ထုံး၊ ရေနံဆီသို့မဟုတ် ဓာတ်ဆီနှင့် ရောသမကာပြုလုပ်ခြင်းဖြင့် အောက်ဇီကို ရရှိလာခြင်းဖြစ်သည်။ အမေဇုန်ဒေသမှ သုံးစွဲသူများနှင့် အာဏာပိုင်များက အောက်ဇီကို သိသည်မှာ အနှစ် ၂၀ခန့်ကြာပြီဖြစ်သော်လည်း လူသုံးများလာသည်ကို ရဲတပ်ဖွဲ့က သတိပြုမိသည်မှာ လွန်ခဲ့သည့် နှစ်အနည်းငယ်ကသာ ဖြစ်သည်။

ပျံ့နှံ့နေ

ဈေးပေါသဖြင့် အောက်ဇီကို သုံးစွဲရန် လူတိုင်းလက်လှမ်းမီခဲ့သည်။ ယခုတော့ လူလတ်တန်းစားနှင့်အထက်တန်းလွှာသို့တိုင် အောက်ဇီက ထိုးဖောက်ကာ အရက်ကို ကျော်လွှားအနိုင်ယူလိုက်သော အခါ လက်ပိုက်ကြည့်နေ၍ မဖြစ်တော့ပေ။ အောက်ဇီသည် ကြောက်စရာကောင်းသည့် မူးယစ်ဆေးဝါးတစ်မျိုးလည်းဖြစ်သည်။ သုံးစွဲလျှင် အသည်းမှ စတင်ကာလူ့ကိုယ်အင်္ဂါအတွင်း ကလီစာအားလုံးကို ဒုက္ခပေးသည်။ ထို့အပြင် စိတ်ကယောင်ကတမ်းဖြစ်ပြီး ကြောင့်ကြစိတ်လွန်၍ စိတ်ဖောက်ပြန်ခြင်း စသည့် စိတ်ဝေဒနာများကိုလည်း ခံစားရတတ်သည်ဆို၏။ ထိုသို့သော မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုနှင့်သုံးစွဲမှုက တစ်နိုင်ငံလုံး ပျံ့နှံ့နေသည်။

ကူညီထောက်ပံ့

ထို့ကြောင့်ပင် ဤစစ်ဆင်ရေးအရ အမေဇုန်ဒေသအတွင်း မူးယစ်ဆေးဝါးမှောင်ခိုမှုအပါအဝင် ရာဇဝတ်မှုလက္ခဏာများကို ရှာဖွေဖော်ထုတ်သည့် ဘရာဇီးကြည်းတပ်၊ရေတပ်နှင့်ရဲတပ်ဖွဲ့ဝင်များအား ဘရာဇီးလေတပ် ဂျက်တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များက ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

မူးယစ်ဆေးဝါးမှောင်ခိုသမားများ ခိုအောင်းသည့် နေရာများကို ဗုံးကြဲ၊ ကိုလံဘီယာနိုင်ငံနှင့် ဘိုလစ်ဗီးယားနိုင်ငံတို့မှ အဓိက မူးယစ်ဆေးဝါးထုတ်လုပ်သည့်ဒေသများမှ ကိုကင်းနှင့် အခြားသော မူးယစ်ဆေးဝါးများ သယ်ယူရာတွင် အသုံးပြုသည့် လေယာဉ်များကိုသိမ်းယူခြင်းဖြင့် မူးယစ်ဆေးဝါးမှောင်ခိုမှုကို အမြစ်ဖြတ်ချေမှုန်းမည့် စစ်ဆင်ရေးဖြစ်သည်။

ဤစစ်ဆင်ရေးက အမေဇုန်မိုးသစ်တောအတွင်း သစ်ခိုးခုတ်မှု၊ တရားမဝင် သတ္တုတူးဖော်မှုများကိုလည်း ဖော်ထုတ်ရာတွင် ပါဝင်မည့် လေယာဉ်များနှင့်အတူ ဝေးလံခေါင်းပါးသော ကျေးရွာနေပြည်သူတို့၏ကျန်းမာရေးစောင့်ရှောက်ရန် သမားတော်များ တင်ဆောင်သည့် စစ်ရေယာဉ်တစ်စင်းလည်း ပါဝင်သည်။

ဤစစ်ဆင်ရေးသည် ဘရာဇီး၌ပထမအကြိမ်မဟုတ်၊ ၂၀၁၁ ခုနှစ် ဩဂုတ်လနောက်ပိုင်း ဤစစ်ဆင်ရေးမျိုးသုံးကြိမ်ဆင်နွှဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်အရ ဤစစ်ဆင်ရေးကို ဆင်နွှဲရဦးမည် ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ဘရာဇီးနိုင်ငံအတွင်းရှိ အမေဇုန်ချိုင့်ဝှမ်းနယ်မြေ

နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသည်

ပျောက်သွားခဲ့သော ကျေးငှက်ငယ် ရဲစခန်းတွင် အိမ်လိပ်စာရွတ်ပြကာ သခင့်ထံပြန်လာနိုင်

တိုကျို မေ ၄

ဂျပန်နိုင်ငံ၏မြို့တော် တိုကျိုမြို့တွင် ပိုင်ရှင်ဖြစ်သူအိမ်မှ ပျောက်သွားသော ကျေးငှက်တစ်ကောင်သည် ရဲဌာနတွင် အိမ်လိပ်စာကိုရွတ်ပြကာ သခင့်အိမ်ပြန်လာနိုင်ခဲ့သည့်သတင်းတစ်ရပ် မေ ၃ ရက်က အင်တာနက်တွင် ဖော်ပြသည်။

ငှက်ပိုင်ရှင်ဖြစ်သည့် အသက် ၆၄နှစ်ရှိပြီဖြစ်သော အဘွားအိုသည် ထိုကျေးငှက်ငယ်လေးကို လွန်ခဲ့သည့်နှစ်နှစ်ကျော်ကတည်းက အချစ်တော်အဖြစ် မွေးမြူထားခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က ကျေးငှက်လေးတစ်ကောင်မွေးထားဖူးရာ ပျောက်သွားခဲ့သဖြင့် ထိုအဖြစ်မျိုးထပ်မဖြစ်စေရန် အိမ်လိပ်စာရွတ်တတ်အောင် သင်ထားပေးခဲ့ခြင်းဖြစ်ကြောင်း ငှက်ကလေးကို ပြန်လာပေးကြသည့် ရဲဝန်ထမ်းများကို ရှင်းပြခဲ့သည်။

ပိုင်ရှင်ဖြစ်သူအိမ်မှ ထိုငှက်လေးသည် ဧပြီ ၂၉ ရက်က လျှောင်အိမ်မှလွတ်သွားကာ ပျောက်သွားခြင်းဖြစ်ပြီး ဦးတည်ရာမဲ့ ပျံသန်းနေရာမှ လူတစ်ဦး၏ ပခုံးထက်လာနားစဉ် ပြန်လည်ဖမ်းဆီးမိကာ ရဲဌာနသို့ လာရောက်အပ်နှံခံရခြင်းဖြစ်သည်။ ရဲဌာနတွင် နှစ်ရက်တာ ထိန်းသိမ်းမွေးမြူထားခဲ့ပြီးမှ ထိုငှက်ကလေးသည် အိမ်လိပ်စာတစ်ခုကို တတွတ်တွတ်ရွတ်ပြလာရာ ယခုကဲ့သို့ သခင်ဖြစ်သူအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

ပါကစ္စတန်၌အသေခံဗုံးခွဲ၊ လူ ၁၇ ဦး သေဆုံး

ပတ်ရှ်ဝါ မေ ၄

ပါကစ္စတန်နိုင်ငံ၏အနောက်မြောက်ပိုင်းတွင်တည်ရှိသော ဘတ်ဂ္ဂါခရိုင်အတွင်း၌ လူအသေအပျောက်များပြားသော အသေခံဗုံးခွဲမှုတစ်ရပ် မေ ၄ ရက်က ဖြစ်ပွားရာတွင် သေဆုံးသူ ၁၇ ဦး ရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ဘတ်ဂ္ဂါခရိုင်အတွင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သည့် ခါရာမြို့တွင်းရှိ ဈေးတစ်ဈေးအနီးတွင်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးဂိတ်ကို တည်ကြက်ထားဖောက်ခွဲခဲ့သော အသေခံဗုံးခွဲမှုဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

အသေခံဗုံးခွဲသမားသည် စစ်ဆေးရေးဂိတ်သို့ ခြေကျင်လျှောက်လာခဲ့ခြင်းဖြစ်ပြီး ဗုံးတပ်ဆင်ထားသော အင်္ကျီကို အသေခံဖောက်ခွဲပစ်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားသည်။

မည်သည့်အဖွဲ့ကမှ ယခုဗုံးခွဲမှုသည် ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ပြောကြားလာခြင်းမရှိတော့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

အာဖဂန်နစ္စတန်နယ်စပ်အနီးတွင် တည်ရှိသော ယခုအသေခံဗုံးခွဲမှုဖြစ်ပွားရာဒေသသည် ပြီးခဲ့သည့်ကာလများက ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် တာလီဘန် အကြမ်းဖက်သမားများ တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန်တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့သည့် အဓိကနေရာတစ်ခု ဖြစ်သည်။ **(အောက်ပုံ)**

ယခုအသေခံဗုံးဖောက်ခွဲမှုကြောင့် ထိုဒေသအား စစ်တပ်က လုံခြုံရေးတင်းကျပ်လိုက်ပြီး အကြမ်းဖက်သမားများအားလည်း သတိပေးလိုက်ကြောင်း၊ ဒေသတွင်း၌လည်း သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ထုတ်ထားကြောင်း ရဲဝန်ထမ်းတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့တစ်လွှားသတ္တဝါမျိုးစိတ်များ

ကာရေဘီယံကျွန်းစုတွင် ပုတ်သင်မျိုးစိတ်သစ် ၂၄ မျိုးတွေ့ရှိ

ကာရေဘီယံ မေ ၄

ကာရေဘီယံကျွန်းစုအတွင်း ပုတ်သင်မျိုးနွယ် တွားသွားသတ္တဝါမျိုးစိတ် ၂၄ မျိုးကို ရှာဖွေတွေ့ရှိထားပြီး တွေ့ရှိသည့် မျိုးစိတ်သစ်များ၏ တစ်ဝက်နီးပါးမှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးရှိနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမည်ခွဲခြားသတ်မှတ်

အမေရိကန်နိုင်ငံ ပန်စတိတ်တက္ကသိုလ်မှ ဇီဝဗေဒပါမောက္ခဘယ်လာဟတ်ဒ် ဦးစီးသည့် သုတေသနအဖွဲ့က ယခုပုတ်သင်မျိုးစိတ်သစ် ၂၄ မျိုးကို အမည်ခွဲခြား သတ်မှတ်ခဲ့ပြီး ဂျာနယ်တစ်စောင်တွင် ဆောင်းပါးရေးသား ဖော်ပြခြင်းဖြစ်သည်။

"ဒီဒေသအတွင်းမှာရှိတဲ့ ပုတ်သင်မျိုးနွယ်ဝင်အသေးငယ်ဆုံး မျိုးအုပ်စုတစ်စုဟာ အရေအတွက်အများပြားဆုံး မျိုးအုပ်စုဖြစ်လာတာကို ဖော်ထုတ်တွေ့ရပါတယ်"ဟု ပါမောက္ခဘယ်လာက ပြောကြားခဲ့သည်။

မျောပါလာ

ယခုတွေ့ရှိသည့် ပုတ်သင်မျိုးနွယ်များသည် လွန်ခဲ့သောနှစ် ၁၈သန်းခန့်က အမှိုက်သရိုက်များကြား ရေနှင့်အတူမျောပါလာ၍ အမေရိကသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ပါမောက္ခဘယ်လာကပင် ဆက်လက်ပြောကြားသည်။ **(အောက်ပုံ) (အင်တာနက်)**

ရှေးနှစ်ပေါင်းများစွာက ကြိုးကြာငှက်ကြီးတစ်ကောင်၏ခြေရာ ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ

မက်ဒရစ် မေ ၄



စပိန်နိုင်ငံမြောက်ပိုင်းတွင် မျိုးစိတ်သတ်မှတ်ထားနိုင်ခြင်း မရှိသေးသော ရှေးငှက်ကြီးတစ်ကောင်၏ ခြေရာကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ယခုတွေ့ရှိသည့် ခြေရာရုပ်ကြွင်း၏သက်တမ်းမှာ နှစ်သန်းပေါင်း ၂၅သန်း ရှိပြီးကြိုးကြာငှက်အုပ်စုဝင် ငှက်မျိုးစိတ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

လာရီယိုဂျာဒေသတွင်း တွေ့ရှိသည့် ခြေချောင်းသုံးချောင်းရှိ ရှေးငှက်ကြီးတစ်ကောင်၏ ခြေရာရုပ်ကြွင်းကို ယခုကဲ့သို့ ရှာဖွေတွေ့ရှိခြင်းမှာ အရေးကြီးသည့် ဖော်ထုတ်တွေ့ရှိချက်တစ်ရပ်ဖြစ်ကြောင်း စပိန်သုတေသနပညာရှင်အဖွဲ့က ပြောကြားသည်။

ရုပ်ကြွင်းရှိ ခြေချောင်းသုံးချောင်းတွင် အလယ်ခြေချောင်းအရှည်မှာ လေးလက်မခန့်ရှိသဖြင့် ခန္ဓာကိုယ်လည်း ကြီးမားမည့် ငှက်ကြီးတစ်ကောင်ဖြစ်နိုင်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် လာရီယိုဂျာတက္ကသိုလ်မှ ဖိလစ်မီရက်ဇ်က ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ခြေရာရုပ်ကြွင်း

ယခုကျောက်ဖြစ်ရုပ်ကြွင်းကို စီနီဆာရိုမြို့တွင်းမြေတိုက်ခန်းတစ်ခန်း တည်ဆောက်မှုလုပ်ငန်းဆောင်ရွက်စဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းနေရာမှာပင် အခြားကျောရိုးရှိသတ္တဝါများ၏ ခြေရာရုပ်ကြွင်း ၁၄ခုကိုလည်း တွေ့ရှိသည်။ သဲကျောက်များတွင် ခြေရာထင်ကျန်ရစ်ခြင်းဖြင့် နှစ်ပေါင်းများစွာကြာမြင့်သည့်အခါ ခြေရာရုပ်ကြွင်းဖြစ်ပေါ်စေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား WFP ဌာနေကိုယ်စားလှယ်နှင့် နီပွန်ဖောင်ဒေးရှင်းညွှန်ကြားရေးမှူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တို့ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၄

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ဌာနေညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Mr. Carlos Veloso သည် ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး Mr. Xuyi Mori ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃ နာရီတွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ပြည်ထောင်စုဝန်ကြီးသည် WFP ဌာနေကိုယ်စားလှယ်နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် WFP အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ တိမ်းရှောင်မိသားစုများနှင့် ဝေးလံခေါင်ဖျားဒေသများအား ရိက္ခာတိုးမြှင့်ထောက်ပံ့ရေးကိစ္စရပ်များကိုလည်းကောင်း၊ နီပွန်ဖောင်ဒေးရှင်းအဖွဲ့နှင့်တွေ့ဆုံရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းဒေသတိုးချဲ့ဆောင်ရွက်ရေးနှင့် သဘောတူညီမှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးအား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ဌာနေညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Mr. Carlos Veloso လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4

၅-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

- ၅:၂၀ MRTV-4 သတင်း
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၆)
- ၁၁:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၃၂)
- ၂:၀၀ MRTV-4 သတင်း
- ၃:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၆)
- ၅:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၃၃)
- ၆:၀၀ MRTV-4 သတင်း
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၃)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၇)

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Arsenal-Norwich	(ESPN)
	FA Cup Final	
၁၀:၄၀	Chesea-Liverpool	(Star Sports)(MRTV-4)

ထူးခြားထင်ရှားသည့်ဝိသေသများပြည့်စုံသည့် အမျိုးသားအမွေအနှစ် ပျူမြို့ဟောင်းများကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၄

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ Steering Committee, Expert Team နှင့် Drafting Team တို့၏ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် Steering

Committee ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ကမ္ဘာ့အမွေအနှစ် ကွန်ဗင်းရှင်း (1972 Convention Concerning the Protection of the World Cultural and Natural Heritage) သို့ ၁၉၉၄ ခုနှစ် ဧပြီ ၂၉ ရက်တွင် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ပြဒါးလင်းဂူ၊ ပုဂံဒေသ၊ အင်းလေးကန်၊ ပျူမြို့ဟောင်းများ၊ မြောက်ဦးဒေသတို့ အပါအဝင် မြန်မာအမျိုးသားအမွေအနှစ်ရှစ်ခုကို အဆိုပြုသောအမွေအနှစ်စာရင်း (Tentative List) အဖြစ် တင်ပြခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ (Tentative List)တွင် တင်သွင်းခဲ့သော ကမ္ဘာ့အမွေအနှစ်ရှစ်ခုအနက် ပျူမြို့ဟောင်းသုံးခုဖြစ်သော (ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ) မြို့ဟောင်းများအား ကမ္ဘာ့အမွေအနှစ်စာရင်းသွင်းရန် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် လိုအပ်သော ဆက်သွယ်အဆိုပြုမှုများ အပြင် ပျူမြို့ဟောင်းများအား ကာလအလိုက် အစီရင်ခံစာ အပိုင်း(၁) (Periodic Reporting 1) တင်သွင်းခြင်း၊ နိုင်ငံတကာအထောက်အပံ့ (International Assistant) တောင်းခံခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာ အထောက်အပံ့အတွက် (World Heritage Centre)သို့ ပုံစံတကျတောင်းခဲ့ကြောင်း၊ ယူနက်စကို၏ ဆက်သွယ်ပေးမှုဖြင့် အီတလီအစိုးရ၏ အထောက်အပံ့အဖြစ် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Capacity Building for Safeguarding Cultural Heritage in Myanmar စီမံကိန်းကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတကာ အထောက်အပံ့နှင့် အီတလီအထောက်အပံ့ Project အကူအညီရရှိခဲ့ကြောင်း၊ အဆိုပါယူနက်စကိုက ကြီးမှူးဆောင်ရွက်မည့် စီမံကိန်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရာတွင် ခေတ်မီနည်းစနစ်များနှင့် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်း၊ ပျူမြို့ဟောင်းသုံးခုကို ကမ္ဘာ့အမွေအနှစ်စာရင်းထည့်သွင်းရာတွင် အထောက်အကူများစွာရရှိစေခြင်းကြောင့် အကျိုးကျေးဇူးရှိသော ဆောင်ရွက်မှုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ပျူမြို့ဟောင်း(၃)မြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းပါဝင်အောင် ဦးဆောင်ကော်မတီ၊ Expert Team, Drafting Team များ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ပညာရှင်များလည်းပါဝင်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းတွင် မြန်မာ့အမျိုးသားအမွေအနှစ်များ ပါဝင်အောင်ဆောင်ရွက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သဖြင့် အောင်မြင်အောင် အားထုတ်သွားရန်လိုအပ်ကြောင်း၊ ထူးခြားထင်ရှားသည့် ဝိသေသများပြည့်စုံသည့် အမျိုးသားအမွေအနှစ် ပျူမြို့ဟောင်းများကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာစေရန် မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကမ္ဘာကို ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရေး ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး မှုကြမ်းပြုစုရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးစန်းဝင်းက မူကြမ်းပြုစု တင်သွင်းရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပညာရှင်ကြီးများအား ဂါရဝလက်ဆောင်များ ပေးအပ်သည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယူနက်စကို၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် အီတလီအစိုးရ အထောက်အပံ့ ယူရိုလေးသိန်းဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အပိုင်းသုံးပိုင်းဖြင့် အကောင်အထည်ဖော်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ စီမံကိန်းအပိုင်း(၁) အနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသတို့၌ လက်တွေ့ကာကွယ်မှုနှင့်စီမံခန့်ခွဲမှုလုပ်ငန်း (Conserving and Managing Cultural Heritage Site) များအဖြစ် သရေခေတ္တရာနှင့် ရန်ကုန်တွင် ၂၀၁၂ခုနှစ် ဇွန် ၉ ရက်မှ ၁၄ ရက်အထိ Site Management Training ခြောက်ရက်ကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း၊ သိပ္ပံနှင့်နည်းပညာမှ ပညာရှင် ၁၆ ဦး တက်ရောက်ရန်နှင့် UNESCO/ ICCROM တို့မှ ပညာရှင်များ ပို့ချဆွေးနွေးခြင်း၊ နံရံပန်းချီနှင့် အင်္ဂတေပန်းထိန်းသိမ်းရေး တစ်လသင်တန်းကို ပုဂံတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လ၌ ဖွင့်လှစ်မည်ဖြစ်ပြီး ဌာနဝန်ထမ်း ၁၅ ဦး၊ အလုပ်သမား ၃၀ အား ICCROM မှ ပညာရှင်လေးဦးက စာတွေ့လက်တွေ့ပို့ချခြင်း၊ ရှေးဟောင်းသုတေသန ကွင်းဆင်းလေ့လာမှုနှင့် တူးဖော်မှုစီမံခန့်ခွဲခြင်း၊ ဗိသုကာနှင့် အင်ဂျင်နီယာပိုင်း ထိန်းသိမ်းခြင်းသင်တန်းကို သရေခေတ္တရာ၌ ၂၀၁၂ ခုနှစ် အောက်တိုဘာမှ ၂၀၁၃ခုနှစ် ဇန်နဝါရီအထိ သုံးလခွဲခန့် ဖွင့်လှစ်မည်ဖြစ်ပြီး ဌာနမှ အင်ဂျင်နီယာနှင့် ဓာတုဗေဒဝန်ထမ်း ၁၆ ဦး၊ ရှေးဟောင်းသုတေသနဝန်ထမ်း ၁၅ ဦးအား Lerici Foundation မှ ပညာရှင်ရှစ်ဦးက စာတွေ့လက်တွေ့ပို့ချခြင်းများ ပါဝင်မည်ဖြစ်သည်။

စီမံကိန်းအပိုင်း(၂)တွင် ပထဝီဆိုင်ရာသတင်းအချက်အလက် နည်းပညာအခြေပြု၍ ယဉ်ကျေးမှုအမွေအနှစ်များ၏ အချက်အလက်စီမံခန့်ခွဲမှု အစီအစဉ်သင်တန်း GIS စာတွေ့လက်တွေ့ ပထမအကြိမ်သင်တန်းကို ၂၀၁၂ခုနှစ် မေ ၁၄ ရက်မှ ၁၉ ရက်အထိ၊ ဒုတိယအကြိမ်ကို ဇွန် ၄ ရက်မှ ၉ ရက်အထိ၊ တတိယအကြိမ်ကို ဩဂုတ်လ ပထမပတ်တို့တွင် သရေခေတ္တရာ၌ ယူနက်စကိုမှ ပညာရှင်နှစ်ဦးက သင်ကြားပို့ချမည်ဖြစ်ပြီး ဌာနနှင့်ဆက်စပ်ဌာနမှ ၁၆ ဦး တက်ရောက်မည်ဖြစ်သည်။

စီမံကိန်းအပိုင်း(၃)တွင် ကမ္ဘာ့အမွေအနှစ်စာရင်း၌ အမည်တင်သွင်းနိုင်ရေးလုပ်ငန်းအစီအစဉ်များအဖြစ် အဆိုပြုစာရင်းတင်သွင်းခြင်းအတွက် မူဝါဒဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီပေးခြင်း၊ လိုအပ်သောညှိနှိုင်းကူညီမှုများ ဆောင်ရွက်ခြင်းအဖြစ် International Expert Meeting (၄)ကြိမ်အား ရန်ကုန်မြို့၌ကျင်းပပြုလုပ်မည်ဖြစ်ရာ ပထမအကြိမ်ကို ၂၀၁၂ခုနှစ် ဧပြီ ၄ ရက်မှ ၆ ရက်အထိ၊ ဒုတိယအကြိမ်ကို ဇွန် ၁၅ ရက်မှ ၂၀ ရက်အထိ၊ တတိယအကြိမ်ကို ဩဂုတ်လနှင့် စတုတ္ထအကြိမ်ကို ဒီဇင်ဘာလတို့တွင် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံမှ ဆောင်ရွက်ရမည့်လုပ်ငန်းများအဖြစ် Steering Committee ဖွဲ့စည်းခြင်း၊ Expert Team ဖွဲ့စည်းခြင်း၊ Drafting Team ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ပြီး Nomination Dossier မူကြမ်းရေးသားလျက်ရှိသည်။

ပါဝင်ဆောင်ရွက်

World Heritage Centre သို့ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် မူကြမ်းအချိန်မီတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြင်ပပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များ၊ သမိုင်းသုတေသနဦးစီးဌာနနှင့် မြန်မာသမိုင်းအဖွဲ့ပညာရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၄

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ မေ ၃ ရက်တွင် ဦးမြသန်းအပါအဝင် ပုဂ္ဂိုလ် ၂၇ ဦးတို့က ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party) ကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူ ပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ (၄)နှင့် ပုဒ်မ(၆)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

ကောလင်းမြို့နယ် စာရေးဆရာအသင်း အမှုဆောင်အဖွဲ့ စည်းဝေး

ကောလင်း မေ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်းအမှုဆောင် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၄ ရက်က အဆိုပါ အသင်းရုံးခန်း၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အသင်းဝင်သစ်များကို စိစစ်ထောက်ခံသွားရေး၊ အမှုဆောင်သစ်များ အသင်းမှပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားရေး၊ ဗဟိုမှပေးအပ်သောတာဝန်ကို စည်းကမ်းနည်းလမ်းကျနစွာ လိုက်နာဆောင်ရွက်သွားရေး စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ အသင်းဝင်များ၏ တင်ပြသောအချက်အလက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (၀၉၂)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ဗီယက်နမ်သံအမတ်ကြီးနှင့်ညှိအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၄

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung နှင့် International Dairy Joint Stock Company မှ Chairman Mr. Nguyen Tuan Khai တို့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Haang Anh Gia Lia Myanmar Joint Stock Company (HAGL)တို့အကြား Haang Anh Gia Lia Myanmar Centre တည်ထောင်ရန်ချုပ်ဆိုမည့် BOT Contract နှင့် Lease Agreement စာချုပ်ကိစ္စများ၊ ရန်ကုန်မြို့တွင် အခြားရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်လုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စီစဉ်ဆောင်ရွက်နေသည့် အစီအစဉ်များ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ခံအရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုကိုးနယ်မြေ(၁) အများသုံးရေကန်၌ ရေခပ်နေကြသော ပြည်သူများကို ဤသို့ တွေ့ရသည်။

◯ ရွှေဖုံးမှ

ရေဂါလန် ၁၀၀၀၀ နှုန်း ဖြန့်ဖြူးထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ရေသန့်စင်မှုစနစ်သုံးရေကန်မှ အိမ်သွယ်ရေတိုင် ၇၀ နှင့် အများသုံးရေကန် လေးကန်တို့ကို သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ အိမ်သွယ်ရေတိုင်များတွင် ရေမီတာများ တပ်ဆင်ပေးထားသည်။ အိမ်သွယ်ရေတိုင် ရေမီတာတစ်ယူနစ်လျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ၁၁၀ သာရှိသည်။ ရေတစ်ယူနစ်မှာ ဂါလန် ၂၂၀ (ရေစည် လေးစည်ခွဲ)ခန့်ရှိသည်။

အိမ်သွယ်ရေတိုင်များတွင် ရေမီတာများဖြင့် ကျသင့်ငွေ စည်းပင်မှ ကောက်ခံလျက်ရှိသော်လည်း အများသုံးကန် လေးကန်၌ ရေများအခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ ယင်းအများသုံး ရေကန်လေးကန်တွင် နံနက် ၈နာရီမှ ၁၀ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိတစ်ကြိမ် ရေများအခမဲ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ အင်ဂျင်နီယာဌာန(ရေသန့်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဝေတို့နှင့်အတူ ရပ်ကွက်များအတွင်း ရေဖြန့်ဝေပေးနေမှုများကို သွားရောက်လေ့လာခဲ့ကြသည်။ အခမဲ့အများသုံးရေကန်များတွင် ရေခပ်နေသောကလေး၊ လူကြီးများ ပြုံးရွှင်ကြည်နူးပီတိ ဖြစ်နေကြသည်ကို တွေ့ရသည်။

ပြောကြား

“ကျွန်တော်တို့ရပ်ကွက်တွေမှာ ရေမရတဲ့ဒုက္ခကြုံလာတာ နှစ် ၄၀ ကျော်ခဲ့ပါပြီ။ ဒီလိုရေမပေးမီက ရေတစ်စည်ကို ငွေကျပ် ၅၀၀ မှ ၁၅၀၀အထိ ဝယ်သုံးရပါတယ်။ အခုအများသုံးကန်တွေမှာ အလကားလည်းပေးတယ်။ အိမ်တိုင်ရာရောက် ရေသွယ်တိုင်တွေလည်း လုပ်ပေးတော့ အလွန်ဝမ်းသာမိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်” ဟု ရန်အောင်(၁) ရပ်ကွက်မှ ဦးဌေးအောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ဂါလန် ၂၀၀၀၀ ဆံ့ ရေကန်ရှိ ရေသန့်စင်ထုတ်လုပ်မှုစနစ်ကို ဤသို့ တွေ့ရသည်။

“ကျွန်မတို့ အရင်တုန်းကဆိုရင် ရေကားတစ်စီးကို ငွေကျပ် ၁၀၀၀၀ အထိပေးဝယ်ပြီး သုံးရပါတယ်။ အခု အိမ်သွယ်ရေတိုင်နဲ့ဆိုတော့ ရေတစ်ယူနစ် (ရေစည်လေးစည်ခွဲ)မှ ငွေကျပ် ၁၁၀ ပဲကျပါတယ်။ သိပ်ကို ကွာသွားပါတယ်။ ရေလှည်းတွန်းရတဲ့ ဒုက္ခတွေလည်း ငြိမ်းသွားတော့ ဝမ်းသာမဆုံးဖြစ်ရပါတယ်”ဟု ဘိုကိုးနယ်မြေ(၁)မှ ဒေါ်တိုးတိုးစိန်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ဖြန့်ဖြူးပေး

အဆိုပါ ရေဖြန့်ဖြူးပေးဝေရေး စီမံကိန်းအတွက် နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၁၀၀ ဒသမ ၁ သန်းအထိ ကုန်ကျသုံးစွဲခဲ့ကြောင်း သိရသည်။ ပျဉ်းမနားမြို့နယ်တွင် ဇုန် ငါးဇုန်ဖြင့် ရေဖြန့်ဝေပေးလျက်ရှိပြီး ဇုန်(၁)တွင် ရေသွယ်တိုင် ၁၇၂ တိုင်၊ အများသုံးရေသွယ်တိုင် ကိုးတိုင်၊ဇုန်(၂)တွင် အိမ်သွယ်ရေတိုင် ၃၆၇ တိုင်၊ ဇုန်(၃)တွင် ၅၆ တိုင်၊ ဇုန်(၄)တွင် ၉၈တိုင်နှင့် ဇုန်(၅)တွင် ၇၇ တိုင်တို့ဖြင့် ရေများဖြန့်ဖြူးပေးနေကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကောင်းမြတ်သူ-စုစည်းသည်

ကာဒစ်အသင်းနှင့် ဝက်စ်ဟမ်း အသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ချန်ပီယံရှစ် Play-Off ပြိုင်ပွဲ ဝက်စ်ဟမ်းက ကာဒစ်ကိုနိုင်

လန်ဒန် မေ ၄

အင်္ဂလန်ပထမတန်းကလပ်များ ပြိုင်ပွဲဖြစ်သည့် Championship Play-Off အကြိုဗိုလ်လုပွဲ ပထမအကျော့ပြိုင်ပွဲအဖြစ် မေ ၃ ရက် ညပိုင်းက ကာဒစ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဝက်စ်ဟမ်းအသင်းမှ ကွင်းလယ်ကစားသမား ဂျက်ကောလီဆင်က ဝက်စ်ဟမ်းအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့သည်။ ယင်းတို့နှစ်သင်းသည် လာမည့် မေ ၇ ရက်တွင် ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အခြားအကြိုဗိုလ်လုပွဲအဖြစ် ဘလက်ပူးလ်နှင့် ဘာမင်ဂမ်တို့ ကစားရမည်ဖြစ်သည်။ ဒုတိယအကျော့ ကစားအပြီး ရလဒ်အရ အနိုင်ရသည့်အသင်းများ ဗိုလ်လုပွဲတက်ရမည်ဖြစ်သည်။ ဗိုလ်လုပွဲအနိုင်ရအသင်းသည် ပရီမီယာလိဂ်တန်းတက်အသင်းဖြစ်လာမည်ဖြစ်သည်။ ရက်ဒင်းနှင့် ဆောက်သမ်ပတန်အသင်းတို့သည် အမှတ်ပေးဇယား ပထမနှင့် ဒုတိယနေရာရအသင်းများဖြစ်၍ ပရီမီယာလိဂ်သို့ တိုက်ရိုက်တက်ရောက်နိုင်ပြီဖြစ်သည်။ **(အင်တာနက်)**

ရာသီ (၂၀)အလှဆုံးဂိုးသွင်းဆု မန်ယူတိုက်စစ်မှူးရှွန်နေရရှိ

လန်ဒန် မေ ၄

မန်ယူနှင့် အင်္ဂလန်တိုက်စစ်မှူး ရှွန်နေသည် ရာသီ ၂၀ (နှစ် ၂၀) ပရီမီယာလိဂ်အလှပဆုံး ဂိုးသွင်းယူမှုဆုကို ဆွတ်ခူးသွားခဲ့ကြောင်း မေ ၃ ရက်က သတင်း၌ ဖော်ပြထားသည်။

ရွေးချယ်ပေးခဲ့

တိုက်စစ်မှူးရှွန်နေ **(ယာပုံ)**သည် မန်ယူနှင့် မန်စီးတီးတို့ကစားခဲ့သည့် ပွဲတွင် ၄င်း၏ခေါင်းပေါ်မှ ကျော်ပြီး လှလှပပဂိုးသွင်းယူပြခဲ့သည်။ အဆိုပါဆုကို ကမ္ဘာတစ်ဝန်းလုံးမှ ပရိသတ်များ၏ ဆန္ဒမဲပေးရွေးချယ်မှုဖြင့် ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

ဒင်းနစ်ဘားကင့်(မ်)က ၂၀၀၂ ခုနှစ်က အာဆင်နယ်နှင့် နယူးကာဆယ်တို့ကစားစဉ် အလှပဆုံးဂိုးသွင်းပေးနိုင်မှုကြောင့် ရာသီ (၂၀) ပရီမီယာလိဂ်အလှပဆုံးဂိုးသွင်းမှု ဒုတိယဆုကို ရရှိသည်။

အွန်နရီက အာဆင်နယ်နှင့် မန်ယူတို့ ကစားသည့်ပွဲတွင် အလှဆုံးဂိုးသွင်းယူခဲ့၍ တတိယဆုရခဲ့သည်။ ဘားကင့်မ်သည် စိန့်ဂျိမ်းပတ်၌ ကစားသည့်ပွဲတွင် အလှပဆုံးဂိုးကန်သွင်းပေးနိုင်ခဲ့သည်။ အွန်နရီသည် ဟိုက်ဘူရီ၌ အလှဆုံးကန်သွင်းနိုင်ခဲ့၍ တတိယဆုရခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းက ၁၀ ရာသီအလှဆုံး ဂိုးသွင်းယူဆု ဆွတ်ခူးရရှိသွားခဲ့သည်။ ၄င်းသည် ၂၀၀၂ ခုနှစ်က ဝင်ဘလေကွင်းကြီး၌ အလှပဆုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်သမိုင်းတွင် အလှဆုံးဂိုးသွင်းဆု ဆွတ်ခူးနိုင်၍ အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ရှွန်နေက ပြောကြားသည်။ **(အင်တာနက်)**

ဘူဒါပက် ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ အီရာနီ အကြိုဗိုလ်လုပွဲ တက်ရောက်

ဘူဒါပက် မေ ၄

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့တွင်ကျင်းပလျက်ရှိသော ဘူဒါပက် ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲကို မေ ၄ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်၌ ဆာရာအီရာနီက ဘရီအင်တီအား အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

နိုင်ပွဲရရှိခဲ့

*အီတလီတင်းနစ်မယ် အီရာနီ **(ယာပုံ)**သည် ပြင်သစ် အီတလီတင်းနစ်မယ် ဘရီအင်တီအား ၆-၄၊ ၆-၀ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နယူးဇီလန်တင်းနစ်မယ် အီရာကိုဗစ်နှင့် ချက်တင်းနစ်မယ် စထရှိုင်ကိုဗာတို့ပွဲတွင် အီရာကိုဗစ်က ၆-၂၊ ၁-၆၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။*

နောက်ထပ်ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ရုရှားမှ ဗက်နီနာနှင့် ခရိုအေးရှားမှ မာတစ်တို့ ယှဉ်ပြိုင်ကစားရာ ဗက်နီနာက ၆-၃၊ ၆-၂ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် ဂျော်ဂျီယာမှ တာတစ်ရှ်ဗီလီနှင့် ကနေဒါမှ ဝေါ့ဇ်နစ်တို့ပွဲတွင် တာတစ်ရှ်ဗီလီက ၅-၇၊ ၇-၆ (၇-၄)၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည်။ ***(အင်တာနက်)***

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ဂျပန်နိုင်ငံမှ အထက်လွှတ်တော်အမတ် တွေ့ဆုံ

နေပြည်တော် မေ ၄

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ဂျပန်နိုင်ငံ Liberal Democratic Party မှ အထက်လွှတ်တော်အမတ် Mr. Yoshihiko ISOZAKI ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** ဂျပန်နိုင်ငံတွင် ဆူနာမီဖြစ်ပေါ်ခဲ့စဉ်က ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၌ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့၏ ပါဝင်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်း၊ ဂီရိမုန်တိုင်းနှင့် တာလေငလျင်များဖြစ်ပွားခဲ့ရာ၌ မြန်မာ့တပ်မတော်မှ ဘေးဒဏ်ခံဒေသများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်ကျော်ညွှန့်၊ ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

မြန်မာနိုင်ငံအတွင်း မြို့နယ် ၂၄မြို့နယ်၌ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတ၊ သဘောထားခံယူချက်နှင့် အလေ့အကျင့်အပြုအမူဆိုင်ရာ (KAP Study) လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် Community Led Total Sanitation (CLTS) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပုံများကို Video ဆလိုက်ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂)ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွှယ်သော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း-ရုပ်ရှင်အမြည်း

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုတစ်ပတ် နိုင်ငံခြားဇာတ်ကားသစ် ရုံတင် မြန်မာဇာတ်ကား ရင်ကွဲနာ ဆက်လက်အောင်ပွဲခံ

ရန်ကုန် မေ ၄

ယခုအပတ်သောကြာနေ့တွင် ရန်ကုန်မြို့လယ် ရွှေ့ဆောင်ရုပ်ရှင်ရုံ၌ နိုင်ငံခြားဇာတ်ကားသစ် Battleship ဇာတ်ကား ပြိုင်ဘက်မရှိ ရုံဝင်လာသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ Peter Berg က ရိုက်ကူးထားပြီး Chris Hemsworth, Robert Downey Jr နှင့် Chris Evans တို့ခေါင်းဆောင် ပါဝင်ထားကြသည်။ အဆိုပါ ဇာတ်ကားမှာ ရေတပ်တိုက်ပွဲကို အခြေခံပြီး ခမ်းခမ်းနားနားရိုက်ကူးထားသည့် စွန့်စားခန်းအသားပေး သိပ္ပံအက်ရှင်ဇာတ်ကား တစ်ကား ဖြစ်သည်။ **(ယာပုံ)**

ရန်ကုန်မြို့လယ် သမ္မတ၊ သွင်နှင့် မင်္ဂလာ(၁) သိမ်ကြီးဈေးရုပ်ရှင်ရုံများတွင် ဒါရိုက်တာမင်းအုပ်စိုးရိုက်ကူးသည့် **ရင်ကွဲနာ**ဇာတ်ကား ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် နာဂစ်အထိမ်းအမှတ်ရုပ်တု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂ ရက် နံနက် ၉ နာရီတွင် ဘိုကလေးမြို့ရှိ နာဂစ်အထိမ်းအမှတ်ရုပ်တုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဘိုကလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ရှင်အပါး ၁၀၀ စုပေါင်းရှင်ပြုမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၄

၁၉၉၅ မှ ၂၀၁၀ ခုနှစ်အထိ သင်္ဃန်းကျွန်းမြို့နယ် အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီက အထက(၁) ကျောင်း သပြေဆောင်၌ ကျင်းပရာ အငြိမ်းစားဆရာ ဆရာမ ၇၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမ ၁၃၃ ဦး စုစုပေါင်း ၂၀၈ ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဆရာကြီး ဆရာမကြီးတို့က ဩဝါဒစကားချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူဟောင်းများက ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် ကွန်ပျူတာ သုံးလုံးကို ကျောင်းသို့ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(စမ်းစမ်းကြည် - သင်္ဃန်းကျွန်း)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၅-၂၀၁၂

ဖျာပုံမြို့	၂ ဒသမ ၀၉ လက်မ
ကော့သောင်းမြို့	၁ ဒသမ ၀၂ လက်မ
ဘော်လခဲမြို့	၀ ဒသမ ၇၅ လက်မ

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးရွာနိုင်

နေပြည်တော် မေ ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့အလင်း မှုခင်းသတင်း

သင်္ဃန်းကျွန်းမြို့နယ်၌ လူသတ်မှုဖြစ်ပွား ပြစ်မှုကျူးလွန်သူများအား ညတွင်းချင်းဖမ်းမိ

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းမကြီး ပြည်ထောင်စုခုံးကျော်တံတားအနီး ကြီးပွားရေးရပ်ကွက် ကျွန်းပင်စိုက်ခင်း (ကျွန်းတော)အနီး၌ မေ ၃ ရက် ညပိုင်းက အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၂၀)သုဝဏ္ဏရဲစခန်းမှ ဒုရဲအုပ်ဝင်းထွန်း(တာဝန်မှူး)တာဝန်ထမ်းဆောင်နေစဉ် ကြီးပွားရေးရပ်ကွက် လေးဒေါင့်ကန်လမ်းမကြီးဘေး ပြည်ထောင်စုခုံးကျော်တံတားအနီး ကျွန်းစိုက်ခင်း (ကျွန်းတော) အနီးတွင် ရိုက်မှုဖြစ်ပွားနေကြောင်း သတင်းရရှိသဖြင့် အခင်းဖြစ်ပွားရာနေရာသို့ ည ၁၀ နာရီခန့်တွင် ကြီးပွားရေးရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သုဝဏ္ဏရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ရှာဖွေစစ်ဆေးကြရာ အမျိုးသားတစ်ဦး ညာခြေသလုံး ပြတ်ရှဒဏ်ရာတစ်ချက်၊ ညာမေးရိုးပေါက်ပြဲဒဏ်ရာတစ်ချက်၊ ညာနဖူးပေါက်ပြဲဒဏ်ရာနှစ်ချက်၊ ဘယ်နဖူးပေါက်ပြဲဒဏ်ရာနှစ်ချက် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

သေဆုံးသူမှာ ဦးချစ်ရင်(ဘ) ဦးတက်ပြား (၅၃) နှစ် မယ်ဘေးကုန်းကျေးရွာ မင်းဘူးမြို့နယ်နေ ပန်းရန်လုပ်ကိုင်သူဖြစ်ပြီး အဆိုပါပြစ်မှုကျူးလွန်ခဲ့ကြသူများအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကြီးပွားရေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ပြည်သူများပူးပေါင်း၍ ညတွင်းချင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၅)**

စာချုပ်ပါစည်းကမ်းချက်များ ဖောက်ဖျက်၍ တံတားဖြတ်သန်းခ ကောက်ခံခွင့်ရုပ်သိမ်း

နေပြည်တော် မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် နမ့်ဆန်မြို့နယ်အတွင်းရှိ သာမန်တံတား(ယ)အဆင့် ပေ ၃၀၀ လေလုတံတားအား လေလံမဲစနစ်အောင်မြင်သူ ဦးအောင်လွင်သည် စာချုပ်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရ၍ (၂၀၁၂-၂၀၁၃)ဘဏ္ဍာနှစ် လေလံလုပ်ကိုင်ခွင့်ကို ဧပြီ ၂၂ ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

မတ် ၂၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ တံတားအသုံးပြုခ ကောက်ခံရေးဂိတ်စခန်း ခုနစ်ဂိတ်ကို လေလံတင်ခဲ့ရာ လေလုတံတားဂိတ်အတွက် ဦးအောင်လွင် အမှတ်(၄) သီတာအေးလမ်း အောင်သပြေ ရွှေညောင်မြို့နေသူသည် ငွေကျပ် ၇ ဒသမ ၂၆ သိန်းဖြင့် မဲစနစ်လေလံအောင်မြင်ပြီး လုပ်ကိုင်ခွင့်ရရှိသူဖြစ်သည်။

ဦးအောင်လွင်သည် စာချုပ်ပါစည်းကမ်းအရ သာမန်တံတား(ယ)အဆင့် လေလုတံတားအသုံးပြုခကို ဆိုင်ကယ်တစ်စီးလျှင် ၁၀ ကျပ် ကောက်ခံရမည့်အစား ၅၀ ကျပ်နှင့် ထော်လာဂျီတစ်စီးလျှင် ၂၀ ကျပ် ကောက်ခံရမည့်အစား ၁၀၀ ကျပ်ဖြင့် ကောက်ခံနေကြောင်း စိစစ်တွေ့ရှိသဖြင့် လေလံလုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီး ဒုတိယလေလံအောင်မြင်သူ ဦးမြတ်ကျော် ၁၃/တကန(နိုင်)၁၂၄၃၂၉ နန်းသီတာရပ် ရွှေညောင်မြို့အား လုပ်ကိုင်ခွင့်လွှဲပြောင်းပေးရန် အကြောင်းကြားခဲ့ရာ လုပ်ကိုင်နိုင်ခြင်းမရှိကြောင်း ပြန်ကြားလာခဲ့သဖြင့် တတိယလေလံအောင်မြင်သူ ဒေါ်တင်တင်စန်း ၉/ဝတန(နိုင်)၀၀၆၀၆၉ ဝမ်းတွင်းမြို့သို့ ဧပြီ ၂၄ ရက်မှစ၍ လေလုတံတား ဖြတ်သန်းခ ကောက်ခံခွင့်လွှဲပြောင်းပေးအပ်လိုက်သည်။

လမ်း/တံတားဖြတ်သန်းခ လုပ်ကိုင်ခွင့်ရသူများသည် စာချုပ်ပါကောက်ခံနှုန်းထားထက် ပိုမိုကောက်ခံပါက လုပ်ကိုင်ခွင့်ရုပ်သိမ်းမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် လမ်း/တံတားအသုံးပြုခများကို သက်သာသောဈေးနှုန်းမှန်ဖြင့် ပေးချေနိုင်ရန်ဖြစ်ပြီး သယ်ယူပို့ဆောင်စရိတ်သက်သာခြင်းဖြင့် မော်တော်ယာဉ်များကလည်း တန်ပိုတင်ဆောင်ခြင်းမပြုစေရန်နှင့် လမ်းများ ပျက်စီးမှုမရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

သမ္ဗန်တစ်စင်းလျှင် မန္တလေးရင်ကွဲ အကြီး၊ အလတ်၊ အသေး အလိုက် အလုံး ၃၀၀၀ မှ ၄၀၀၀ နီးပါး ဝင်လေ့ရှိပြီး မချစ်စုသရက်သီးမှာ အလုံး ၂၅၀၀ ခန့် ပါတတ်ကြောင်း သိရသည်။

ယနေ့ရောင်းဈေးအဖြစ် မန္တလေးရင်ကွဲသီး အကြီးတစ်လုံးလျှင် ငွေကျပ် ၈၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၄၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၂၀ ရှိပြီး မချစ်စု သရက်သီးတစ်လုံးလျှင် ငွေကျပ် ၂၅၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၁၃၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၈၀ ဒိုင်ဈေးအဖြစ် အရောင်းအဝယ်ရှိနေကြောင်း တွေ့ခဲ့ရသည်။

ပေါ်ဦးပေါ်စ ဖြစ်သော်လည်း ဈေးအဝယ်မလိုက်သေးကြောင်း၊ နေပူလွန်းသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ပြီး အချို့သူများက စားရန်ဝန်လေးလျက်ရှိနေကြောင်းကို ဒိုင်ပိုင်ရှင် ဦးရေချမ်းက ပြောပြသည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က မိုးကောင်းမြို့နယ်၌ မီးရထားသံလမ်းအား မိုင်းထောင်ဖျက်ဆီး

နေပြည်တော် မေ ၄

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ဘူတာနှင့် ထိုပူးဘူတာအကြား မီးရထားသံလမ်းအား မေ ၃ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် မိုင်းထောင်ဖောက်ခွဲမှုပြုလုပ်ခဲ့သဖြင့် ရထားလမ်း မိုင်တိုင်အမှတ် (၆၇၇/၁၀)ရှိ ရထားလမ်း၏ အနောက်ဘက်ခြမ်း သံလမ်းတစ်ပေခန့် ပြတ်တောက်ခဲ့ပြီး ကွန်ကရစ်ဇလီဖားတုံး တစ်တုံးနှင့် သစ်သားဇလီဖားတုံးတစ်တုံး ပျက်စီးခဲ့ကြောင်း၊ မိုင်းပေါက်ကွဲပြီးနောက် ရထားလမ်းလုံခြုံရေးအဖွဲ့နှင့် ကေအိုင်အေ (ကချင်)လက်နက်ကိုင်အဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ပျက်စီးသွားသော သံလမ်းအား ပြန်လည်ပြုပြင်ရန်အတွက် မြန်မာ့မီးရထား မိုးကောင်းဘူတာမှ အင်ဂျင်နီယာအဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် ထွက်ခွာသွားကြောင်း သိရှိရသည်။

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့အနေဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသော လမ်း၊ တံတားများဖျက်ဆီးခြင်း၊ ယခုကဲ့သို့ မီးရထားသံလမ်း ဖျက်ဆီးခြင်းများသည် အဆိုပါဒေသရှိ ပြည်သူများအတွက် လူမှုစီးပွားဘဝ အခက်အခဲများဖြစ်စေသော ဖျက်ဆီးနှောင့်ယှက်မှုများသာဖြစ်သဖြင့် ဒေသခံပြည်သူများနှင့် နိုင်ငံတစ်ဝန်းမှ ပြည်သူများက ၎င်းတို့၏ လုပ်ရပ်များကို ရပ်တန့်ကရပ်စေလိုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့် ဗုဒ္ဓနေ့

✳ ယုန်စန်းငွေလ စန္ဒရနှင့်
ပုဏ္ဏတာရာ ကြယ်ဝိသာတို့
အာကာဝေဟင် သန့်စင်ထွန်းပ
နွေကာလခါ စံကားဝါပွင့်
တမာလည်းနု ကျေးလည်းဥသည့်
ရတုသာစွ ကဆုန်လမှာ
'ဗျာဒိတ် ဖွားမြင်' ဘုရားရှင်၏
'စံဝင်နိဗ္ဗာန်' ချိန်ခါတည်း။

✳ ဒီပင်္ကရာ မြတ်စွာဘုရား
ဟောမြွက်ကြားသည့် ဘုရားစင်စစ်
ဧကန်ဖြစ်မှာ 'ဗျာဒိတ်' စကား
နာကြားခံရ ထိုမှဆက်ကာ
မယ်တော်မာယာ မိဝမ်းကြာမှ
မွေးကာ 'ဖွားမြင်' ဘုရားရှင်ဖြစ်
ရှစ်ဆယ်စေ့မြောက် သက်တော်ရောက်ခါ
ဗုဒ္ဓါမြတ်ရှင် 'နိဗ္ဗာန်ဝင်' သည့်
လပြည့်ကဆုန် ရက်ခါတည်း။

✳ ကဆုန်နွေလ ပြည့်ကာလဝယ်
လောကထွတ်ထား ဘုရားသခင်
ရွှေပလ္လင်ကို အောင်မြင်တိဟိတ်
အောင်နိမိတ်ဆောင် အောင်စိတ်ရည်ကာ
ပတ်လည်ညာကြေ ညောင်ဗုဒ္ဓဟေကို
ရှိသေသဒ္ဓါ ကြည်လင်စွာဖြင့်
ပွဲခါညောင်ရေ ဖြိုးဖွေသွန်းကာ
မြန်မာရိုးရာ စဉ်အလာနှင့်
ဘာသာအကျိုး မညှိုးစေအောင်
သယ်ပိုးဆောင်ကြစေရာတည်း။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၄

အာရှအလေးမအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မေ ၃ ရက် ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက အမှာစကားပြောကြားပြီးနောက်**(အပေါ်ပုံ)** ၂၀၁၂ ခုနှစ် အာရှလူငယ်နှင့် အငယ်တန်းအလေးမတံခွန်စိုက်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးကော်မတီများဖွဲ့စည်းရေး၊ လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ရေး ကြိုတင်ပြင်ဆင်မှုများနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေတို့က အသေးစိတ်ဆွေးနွေးကြသည်။

အဆိုပါပြိုင်ပွဲသို့ အာရှနိုင်ငံများမှ အလေးမအသင်း ၄၅ သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့ Strengthening CME (SCME) စီမံချက်မှ ၂၀၀၇ ခုနှစ်နောက်ပိုင်း ဆရာဝန်ဘွဲ့ရ ဆရာဝန်များအတွက် ကျွမ်းကျင်မှုဆိုင်ရာ Skill based Strengthening CME (SCME) Course ကို ရန်ကုန်နှင့် မန္တလေး ဆရာဝန်အသင်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများသည် ၎င်းအသင်းတိုက်တွင် မေ ၈ ရက်မှ စတင်၍ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ရန်ကုန် ဖုန်း-၀၁-၃၇၈၈၆၃၊ ၃၉၄၁၄၁၊ ၃၈၀၈၉၉၊ ၃၈၈၀၉၇ လိုင်းခွဲ-၁၁၆၊ ၀၉-၅၀၀၃၈၇၈၊ ၀၉-၅၁၃၇၆၃၅ သို့လည်းကောင်း၊ မန္တလေး ဖုန်း-၀၂-၆၄၈၆၆၊ ၀၉-၂၀၀၁၅၈၆ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ရာသီပြီသ၊ လကဆုန် ညောင်ရေပွဲ၊ နွဲကြပျော်ပျော်

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

"ရာသီပြီသ၊ မဟေသီလဲ ရွှေသီခလို့၊
ပန်းမြစ်ကားဝါ၊ ဝိသာခါနှင့်၊
တာရာခြံရံ၊ စန်းငွေယုန်ဖန်သည့်နယ်၊
ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ၊ လ-ကဆုန်
ညောင်ရေပွဲပေမို့၊ သဲလှတယ်လေး"

ကဆုန်လတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်ယှဉ်ပြိုင်ထွက်ပေါ်လာပုံ၊ ရာသီပန်းအနေဖြင့် စံကားဝါပန်းဖြစ်ပြီး ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်ကြောင်း၊ မဟာအတုလမင်းကြီးက ၎င်း၏ ကဆုန်လဖွဲ့လွမ်းချင်းတွင် အထက်ဖော်ပြပါအတိုင်း ဖွဲ့ဆိုခဲ့ပေသည်။

ကဆုန်လသည် မြန်မာပြက္ခဒိန်လများတွင် ဒုတိယလဖြစ်ပြီး နွေဥတုကာလတွင် ကျရောက်သည့်အပြင် နွေရာသီ၏ ဗဟိုအလယ်ကျသောလ ဖြစ်သဖြင့် "ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်" ဟူသော စကားရပ်နှင့်အညီ ဆွေ့ဆွေ့ခုန်မျှ အပူရှိန်လွန်ကဲသောလဖြစ်ကြောင်း၊ မဟာအတုလမင်းကြီးကပင် "နေဝန်းငယ်စက်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရိန်တေဇာကြောင့်၊ ပူဗျာပါကဲတဲ့ လကိုလေး" ဟု ကိုယ်တွေ့ခံစား မှတ်တမ်းတင်သွားခဲ့သည်။

ဤကဆုန်လကို ပုဂံခေတ်က ကုဆုန်၊ ကဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်ဟု အမျိုးမျိုးခေါ်ဝေါ်ရေးသားခဲ့ကြပြီး ဗေဒင်အခေါ်အဝေါ်အားဖြင့် ဗြိသရာသီဟုခေါ်၏။ ဤလတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်အတူ ကောင်းကင်တွင် ယှဉ်ပြိုင်ထွန်းပ၍ ရာသီရုပ်မှာ နွားလားဥသဘရုပ်ဖြစ်၏။ ဤရာသီ၌ စံကားဝါပန်းတို့ ဖူးပွင့်ကြသည်။ ဘုရင်နှင့်တကွ ပြည်သူများသည် ညောင်ရေသွန်းပွဲတော်ကို ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပလေ့ရှိကြ၏။ နေ့တာရှည်၍ ညတာတိုသော ရက်စုံလ ဖြစ်သည်။

ကဆုန်လ၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အင်း၊ အိုင်တို့၌ ရေပြတ်၊ ရေစစ်သောလဟုလည်းကောင်း၊ မြန်မာလအမည်များစာအုပ်တွင် ရေသွန်းလ၊ ရေလောင်းလ၊ ရေသွန်းလောင်းသောလ၊ ရေဖျန်းလဟုလည်းကောင်း အသီးသီး ကောက်ယူဖွင့်ဆိုကြသည်။

ကဆုန်လပြည့်နေ့သည် "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်"ဟု အဆိုအတိုင်း သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်နှင့်ပတ်သက်ပြီး

(၁) ဘုရားလောင်းသုမေဓာရှင်ရသေ့အနေဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ "ဘုရားစင်စစ်၊ ဧကန်ဖြစ်လိမ့်မည်"ဟု နိယတဗျာဒိတ်ကို ခံယူတော်မူသောနေ့ဖြစ်ခြင်း၊
(၂) ဘုရားလောင်းဖွားမြင်တော်မူသောနေ့ဖြစ်ခြင်း၊
(၃) သစ္စာလေးပါးကိုသိမြင်၍ ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်ပေါက်သောနေ့ဖြစ်ခြင်း၊
(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်း ဟူသော အလွန်ထူးခြားသည့် ဗုဒ္ဓဝင်မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ကြီးများဖြစ်သည့်အားလျော်စွာ ၎င်းကဆုန်လပြည့်နေ့ကို "ဗုဒ္ဓနေ့"အဖြစ် သတ်မှတ်ကာ ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပာဒ်ပါဠိတော်ဒေသနာတော်များကို ရွတ်ဖတ်ပြီး အခါတော်နေ့အဖြစ် ခမ်းနားစွာကျင်းပကြသည်။ ထို့ကြောင့် ဤကဆုန်လသည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အဖို့ လထူးလမြတ်ကြီး ဖြစ်ပေသည်။

ဤကဆုန်လပြည့်နေ့တွင် မာရ်နတ်ကိုအောင်မြင်တော်မူသောကြောင့် ဤနေ့ ဤရက်ကို "ကဆုန်လပြည့် မာရ်အောင်နေ့" အဖြစ် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်အစဉ်ဝယ် စွဲမြဲနေကြသည့်နည်းတူ ဝိသာခါနက္ခတ်နှင့်ယှဉ်ပြီး မြတ်စွာဘုရားကိုဖွားမြင်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းကို အကြောင်းပြု၍ ကဆုန်လပြည့်နေ့ကို "ဝိဆစ်ဒေး" (တစ်နည်း)ဝိသာခါဒေးဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဖြစ်တော်မူသော နေ့ထူးနေ့မြတ်ကို အာရုံပြုကြလျက် ဤကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။

ဗောဓိပင်ဆိုသည်မှာ ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ပင်ဖြစ်ပြီး ဗောဓိဟူသောပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရရှိပါသည်။ ယင်းအဓိပ္ပာယ်အရ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ်သုံးမျိုးတို့ကို ဟော၏။ အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ ဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်၏။ ဘုရားတို့ ပွင့်တော်မူရာသစ်ပင်ကိုကား သစ္စာလေးပါးဉေယျတရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာ ဖြစ်သောကြောင့် ဗောဓိဟုခေါ်ပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်များကား အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်ကြရာ မည်သည့်သစ်ပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးတရားကိုသိမြင်တော်မူရာ သစ်ပင်ဖြစ်ပါက ဗောဓိပင်ဟူသော အမည်ထူးကိုရရှိပေသည်။ ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားသခင်အနေဖြင့် သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်မှာကား ညောင်ဗုဒ္ဓဟေ(ညောင်နီ)ပင်ဖြစ်၍ ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင်သာသနာ၌ ဗောဓိပင်မည်ပေသည်။ ယင်းဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့်သဘောရှိသဖြင့် "မဟာဗောဓိ" ဟု ခေါ်ဝေါ်ပေသည်။

မြန်မာနိုင်ငံသို့ မဟာဗောဓိပင်များရောက်ရှိခဲ့သည့် သာဓကများနှင့်စပ်လျဉ်း၍ သက္ကရာဇ် ၅၆၃ ခုတွင် ရေးထိုးခဲ့သော သင်္ကြီးညောင်အုပ်ကျောက်စာ (ကျော ၂-၃)တွင် "က(ဓိ)န်ပသ်ကူလေပြီဇအ်။ ညောင်မီဖုန်"ဟုလည်းကောင်း၊ သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ ပုဂံမြို့စောလှဝန်းကျောက်စာ (ကျော ၂၂-၂၃) တွင် "မီဖုန်၊ သကြိုန်၊ စာရိယ်၊ ညောင်ရေသွန်၊ မပြတ်စိယ်လျှင်တည်၏" ဟုလည်းကောင်း အသီးသီးအထောက်အထားတွေ့ရှိချက်များအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များရှိနေပြီဖြစ်ကြောင်း သေချာစွာဆိုနိုင်ပေသည်။

ထို့ပြင် မဟာဗောဓိပင်စိုက်ပျိုးသည့်အကြောင်းအရာကို အချိန်ကာလ အစောဆုံးတွေ့ရှိရသည့် အချိန်မှာ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသည့်(အလောင်းစည်သူ၏မြေးတော်) နရပတိစည်သူမင်းလက်ထက်တွင် ပေါင်လောင်ရှင်ဟုခေါ်ကြသော အရှင်ပဿပမထေရ်သည် သီဟိုဠ်သို့ကြွသွား၍ အပြန်ခရီးတွင် မဟာဗောဓိညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒပြာသာဒ်ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီးနောက် နရပတိစည်သူမင်းအားပေးတော်မူကြောင်း မှတ်တမ်းဟောင်းများတွင်လေ့လာသိရှိရပြီး "ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ပင်ကျားအရပ်၌ စကား ၇ ကျောင်းကို ဆောက်လုပ်လှူဒါန်းတော်မူပြီး စမွကမည်သော ကျောင်းမတော်ကြီး၏ အရှေ့မြောက်တွင် မင်းကြီးကိုယ်တိုင် လက်တော်နှင့်ကိုင်၍ ဗောဓိညောင်ပင်စိုက်တော်မူ၏"ဟု သာသနာလင်္ကာရစာတမ်း ၁၂၆ တွင် ပြဆိုထားပေသည်။

မြန်မာနိုင်ငံသမိုင်းတွင် ထူပါရုံဒါယကာ မင်းနရပတိကြီး (၈၀၄) လက်ထက်၌ တစ်ကြိမ်၊ ပြည်စုန်မင်းမဟာသီဟသူရ (၈၃၀) လက်ထက်၌ တစ်ကြိမ်၊ ရာဇဗလ၊ မိတ္တဒူတ၊ ရာဇတမန်တို့ကို သီဟိုဠ်သို့စေလွှတ်၍ စွယ်တော်၊ စက်တော်ရာ၊ မဟာစေတီနှင့် မဟာဗောဓိတို့ကို အလျှုတော်လှူသွားရကြောင်း၊ မွန်ဘုရင်ဓမ္မစေတီမင်း(၈၃၃) လက်ထက်တွင်လည်း ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက် ဆံတော်ကြိုလမ်း (ယခုဓမ္မစေတီလမ်း) နံဘေးရှိ ကုန်းတော် (ယခုဗောဓိကုန်း)ပေါ်တွင် သီဟိုဠ်ဒက္ခိဏသာခါဗောဓိပင်တော်မှရသော မျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့သည်။

မြန်မာပြည်ရှိ ထင်ရှားသော ဗောဓိပင်များကိုစုစည်းတင်ပြရမည်ဆိုပါက

(၁) သက္ကရာဇ် ၃၃၈ ခုနှစ်တွင် ရှင်အရဟံစိုက်ပျိုးခဲ့သော မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်းမြို့ရှိ မဟာဗောဓိရွှေညောင်တော် (နှစ်စဉ်တပေါင်းလ၌ ပွဲတော်ကျင်းပပါသည်)။
(၂) သက္ကရာဇ် ၁၂၀၃ ခုနှစ် သာယာဝတီမင်းလက်ထက် ရှာဖွေတွေ့ရှိသော ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝင်ဒါမီယာတောင်ကြား ဗောဓိကုန်းကျောင်းတိုက်အတွင်းရှိ ဗောဓိညောင်တော်။
(၃) သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် သီဟိုဠ်မှ ပင့်ဆောင်လာပြီး ၁၂၂၂ ခုနှစ်တွင် မင်းတုန်းမင်းစိုက်ပျိုးခဲ့သော မန္တလေးမြို့ စကြာနွယ်စဉ်ရပ်ရှိ မင်းတုန်းမင်း၏ ကုသိုလ်တော်ဗောဓိပင်။
(၄) ၁၃၃၂ ခုနှစ်တွင် ဆရာတော်ဦးနာရဒ စိုက်ပျိုးထားသော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက်ကန်ရွာရှိ ဗောဓိတစ်ထောင် ညောင်တော်များ။
(၅) ၁၃၂၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၏ လက်ဆောင်ကို ၁၃၃၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၈ရက် (၁၄-၉-၆၈) စနေနေ့နံနက် ၆ နာရီ မိနစ် ၃၀ တွင် မြေချစိုက်ပျိုး ပူဇော်အပ်သော ကမ္ဘာအေးပိဋကတ်တိုက် ဥပစာရှိ ဗိုလ်ချုပ်ကြီးနေဝင်း၏ ကုသိုလ်တော်ဗောဓိပင်။
(ဦးကြည်ညွန့် သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးတင်ထွေး သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးနှင့် ဦးထွန်းကြည် သာသနာရေးဝန်ကြီးဌာန ဌာနစုမှူးတို့မှ ဦးဆောင်၍ ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာဖြင့် ကျောက်စာရေးထိုးထားသည်။)
(၆) ၁၃၄၆ခုနှစ် ကဆုန်လပြည့်နေ့တွင်မြေချစိုက်ပျိုးသော ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းမြေ မဟာဝိဇယစေတီတော်အနီးရှိ သီရိလင်္ကာနိုင်ငံမှ လက်ဆောင် ဗောဓိညောင်တော် စသည်တို့ဖြစ်ပါသည်။

ဗောဓိပင်ကို ပူဇော်ခြင်းနှင့်ပတ်သက်၍ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ပင် ဘုရားရှင်တို့ အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် စေတီတော်မည်၏ဟု ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့ကြောင်း၊ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင်ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြောင်း၊ တေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ ပြဆိုထားပြီး ခုဒ္ဒကပါဌအဋ္ဌကထာ နိမိကဏ္ဍသုတ်အဖွင့်၌လည်း ဗောဓိပင်သည် စေတီသုံးမျိုးတွင် ပရိဘောဂစေတီမည်ကြောင်း ဖွင့်ဆိုထားပေသည်။

မဟာဗောဓိညောင်ပင်ကို ရေသွန်းကြသည့် ယဉ်ကျေးမှုဓလေ့နှင့်စပ်လျဉ်း၍ ရှေးယခင်ဗုဒ္ဓဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က ပသေနဒီကောသလမင်းကြီးသည် အာနန္ဒာဗောဓိပင်ကို အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းခဲ့ဖူးပြီး တစ်ဖန်သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သီရိဓမ္မာသောကဘုရင်သည် ဒက္ခိဏသာခါမဟာဗောဓိပင်ကို အနော်တတ်ရေစင်ဖြင့် အကြိမ်ကြိမ်အဘိသိက်သွန်းလောင်းခဲ့ဖူးပေသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်သည် မည်သည့်နိုင်ငံကမှ ဆင်းသက်လာသည့် ပွဲတော်မဟုတ်၊ ရှေးခေတ်မြန်မာမင်းကြီးတို့က မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် တီထွင်ဖန်တီးခဲ့သည့် မြန်မာတို့ ကိုယ်ပိုင်ပွဲတော်ပင်ဖြစ်ပေသည်။

မြန်မာတို့သည် ကဆုန်လပြည့်နေ့တွင် ရှေးရိုးအစဉ်အလာနှင့်အညီ ညောင်ရေသွန်းပွဲတော်များကို နိုင်ငံနှင့်တစ်ဝန်း တစ်ပြိုင်နက်တည်း ကျင်းပကြသည်။ ဗောဓိညောင်ပင်၊ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များသို့ သွားရောက်ကြကာ ညောင်ရေသွန်းလောင်းကြသည့်အပြင် ပန်း၊ ဆီမီး၊ အမွှေးတိုင်များပူဇော်ကာ ကုသိုလ်ပြုကြသည်။

ကဆုန်လသည် သင်္ကြန်ပွဲတော်ကျင်းပသည့် တန်ခူးလကျော်လွန်ပြီးနောက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အချိန်ကျရောက်မည့် နယုန်လအကြားရှိ ကာလဖြစ်သည့်အတွက် လာမည့်စိုက်ပျိုးရေးရာသီအတွက် ကြိုတင်ပြင်ဆင်လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရသောကာလဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများသည် ညောင်ရေသွန်းပွဲတော်ကို တပျော်တပါး ဆင်နွှဲကြပြီးနောက် မိမိသက်ဆိုင်ရာ အသီးသီးသော လုပ်ငန်းခွင်များအဖြစ် တောထဲဝင်ဝါးခုတ်၊ ထင်းခုတ်ကြ၊ လယ်ကွင်းထဲသို့ဆင်းကြပြီး စိုက်ခင်းများ လယ်တဲများဆောက်လုပ်ပြင်ဆင်ကြရပေသည်။

ရှေးခေတ်ညောင်ရေသွန်းသဘင်ကျင်းပပုံနှင့်စပ်လျဉ်း၍ မြတ်ဗုဒ္ဓပွင့်တော်မူရာ ဗောဓိညောင်ပင်ကိုရည်စူးလျက် ကြည်လင်သဒ္ဓါထက်သန်စွာဖြင့် ညောင်ရေသွန်းလောင်းကြပုံ၊ မြူတာတကောင်းများတွင် ရေအပြည့်ထည့်ကာ ညောင်ပင်ကြီးကို လက်ယာရစ်လှည့်ပြီး ပျော်ရွှင်ချမ်းမြေ့စွာ ရေစင်သွန်းလောင်းကြပုံတို့ကို စာဆိုဦးအောင်ကြီးက ၎င်း၏ကဆုန်လဖွဲ့ လူးတားတွင်-

"မိုးသားကြူးစ၊ ကဆုန်လဝယ်၊ လောကထွတ်ထား၊ ဘုရားသခင်၊ ရွှေပလ္လင့်ထက်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ၊ အကြောင်းယူ၍၊ ပဥ္စူလုရာ၊ ပန်းတကာကို၊ မြူတာတကောင်း၊ မသင်းတောင်းဝယ်၊ သွန်းလောင်းရေပြည့်၊ ဖြိုးမှုထည့်လျက်၊ ပတ်လှည့်ညာကြေ၊ ရှင်တော်မွေကို၊ ရှိသေသဘင်၊ ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဓါ၊ ငြိမ်းကြောင်းရှာသည်၊ အခါညောင်ရေ သွန်းတည့်လေ။" ဟု လည်းကောင်း၊ ညောင်ရေသွန်းသဘင် ဆင်နွှဲကြသည့် လှပျိုဖြူလေးများ၏ ဟန်အမူအရာ၊ အဆင်အပြင်၊ ဝတ်စားဆင်ယင်ပုံများကို မျက်ဝါးထင်ထင်ပေါ်လွင်အောင် စာဆိုဦးယာကလည်း-

"ညောင်ရေသဘင်၊ သည်ပွဲတွင်၊ ပျော်ရွှင်သွန်းလောင်း၊ ပျိုတော်ပေါင်းတို့၊ ယဉ်ပျောင်းဟန်ချီ၊ ရွှေပိုးတီသို့၊ လုပ်လီလုပ်လဲ့၊ ပင်ကိုနွဲ့နှင့်၊ နတ်ကဲ့လိုလို၊ ပြာညိုပွင့်တောက်၊ နီလာကျောက်သို့၊ နှင်းပေါက်သော်မော်၊ ပန်းထည်ပေါ်ထက်၊ မာလာဖက်၍၊ ဘရက်ဘယ်ညာ၊ အင်္ကျီမှာလည်း၊ ရွှေဇာမော့်ပွင့်၊ ဆင်တိုင်းတင့်လျက်၊ ဘုန်းမြင့်စိန္တေ၊ ဓာတ်မွေတော်ကို၊ ရှိသေကြည်လင်၊ ရှိပန်ဆင်သည်၊ သဘင်ညောင်ရေပွဲတည့်လေ။" ဟု လည်းကောင်း နှစ်သက်ရှုမောဖွယ်ကောင်းအောင် ရေးဖွဲ့ခဲ့ကြပေသည်။

ဗောဓိပင်ကိုစိုက်ပျိုးပူဇော်ခြင်းနှင့်ပတ်သက်ပြီး အသနဗောဓိယမထေရ်လောင်းအနေဖြင့် တိဿဘုရားရှင်၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌နတ်သားဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှလွတ်ကင်းရခြင်း စသည့်အကျိုးကျေးဇူးများကိုလည်းကောင်း၊ ဂန္ဓောဒကတိဿမထေရ်လောင်းအနေဖြင့် ပဒုမုတ္တရာဘုရားရှင်၏ ဗောဓိပင်ကို နံ့သာရေဖြင့် သွန်းလောင်းသောကုသိုလ်ကြောင့် နတ်ပြည်၌နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ သောကကင်းဝေးခြင်း စသည့် အကျိုးကျေးဇူးများကိုလည်းကောင်း အသီးသီးခံစားကြရပါသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် သဗ္ဗညုမြတ်စွာဘုရားနှင့်ပတ်သက်၍ ဗုဒ္ဓဝင်သမိုင်းမှတ်တိုင်စိုက်ထူခဲ့သော နေ့ထူးနေ့မြတ် ထူးခြားချက်များဖြင့် အကြောင်းတိုက်ဆိုင်နေသည့် ကဆုန်လပြည့်ဗုဒ္ဓနေ့သို့ ကျရောက်သည့်အခါတိုင်းတွင် ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေ၊ နံ့သာရည်စသည်တို့ဖြင့် သွန်းလောင်းပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားဥဒ္ဒိဿစေတီတော်များကို အနေကဇာတင်ဗုဒ္ဓအဘိသေကမင်္ဂလာသဘင်များ ဆင်ယင်ကျင်းပကြခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်ကြပြီး ဒါန၊ သီလ၊ ဘာဝနာပွားများအားထုတ်ခြင်းစသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို စိတ်ချမ်းမြေ့ကြည်လင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရေးသားလိုက်ရပါသည်။ ။

တွံတေးမြို့နယ်၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သစ်ဖွင့်

ရန်ကုန် မေ ၄

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တလုတ္ထော်ကျေးရွာအုပ်စု တလုတ္ထော်ကျေးရွာ သုတကြွယ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကို မေ ၁ ရက် နံနက် ၉ နာရီခွဲက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ တလုတ္ထော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်သောင်း၊ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးအေးသောင်း၊ ကျေးရွာ စာကြည့်တိုက်အဆောက်အအုံ အလှူရှင် ဦးလှအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၀၊ ကျေးရွာစေတနာရှင် အလှူရှင်များက သုတ ရသစာအုပ် ၁၀၀ တို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ပံ့ပိုးထောက်ပံ့ငွေကျပ် ၃ ဒသမ ၅ သိန်း၊ အလှူရှင် ဦးလှအေး မိသားစုက ထည့်ဝင်လှူဒါန်းငွေကျပ် ၁၂ သိန်းဖြင့် အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်ပြီး စာကြည့်တိုက်အမျိုးအစားမှာ (၁၅×၁၅)ပေ အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စဉ်ဆက်မပြတ် သူနာပြုပညာရေးအကြောင်းဟောပြော

မော်လမြိုင် မေ ၄

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို)က ကြီးမှူး၍ စဉ်ဆက်မပြတ် သူနာပြုပညာရေးအကြောင်း ဟောပြောဆွေးနွေးပွဲကို မော်လမြိုင်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဧပြီ ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး တက်ရောက်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို) ပညာရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြက အခမ်းအနား တက်ရောက်လာသူများအား မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် မွန်ပြည်နယ်သူနာပြုနှင့် သားဖွားအသင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငွေကြော့က ယခုကဲ့သို့ အခမ်းအနား ပြုလုပ်ပေးသည့်အတွက် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ဆောင်ပုဒ် ဖြစ်သော Closing The Gap From Evidence To Action နှင့် Nursing Ethic ကို ပါမောက္ခ ဒေါ်ရင်မြကလည်းကောင်း၊Non Communicerblg Diseases နှင့် Role Of Nurses In Disaster Management ခေါင်းစဉ်တို့ကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း(ဗဟို)မှ အလုပ်အမှုဆောင် ဒေါ်ခင်မာရွှေနှင့် ဒေါ်တင်ရွှေတို့ကလည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ကျန်းမာရေး)**

ပုလဲသွယ်စပ်မျိုးစပါးစံကွက်ရိတ်သိမ်း

ဝါးခယ်မ မေ ၄

သိပ္ပံနည်းကျစိုက်စနစ် (၁၄)ချက်နှင့်အညီ နွေစပါးပုလဲသွယ်စပ်မျိုးစံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၂၇ ရက် နံနက် ၈ နာရီက ဝါးခယ်မမြို့နယ် လမ်းသမိုင်းရွာလေးကျေးရွာ တောင်သူဦးခင်မောင်ဆွေ၏ ပုလဲသွယ်စပ်မျိုးစပါး သုံးဧကတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုထွန်း၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး ဒုတိယဦးစီးမှူးဦးသန့်ဇင်နှင့် စိုက်ပျိုးရေးမြေစာရင်း ကွင်းဝန်ထမ်းများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

အဆိုပါ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းရာတွင် ဖြစ်ထွန်းအောင်မြင်နေမှုများကို တောင်သူများက ကိုယ်တွေ့မြင်ကြရသဖြင့် လာမည့်မိုးရာသီတွင် ကျေးရွာအသီးသီး၌ တိုးချဲ့စိုက်ပျိုးသွားကြမည်ဟု သိရသည်။ (၁၇၂)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၄

မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဦးကျော်မြင့် (Golden Flower Co, Ltd.)သည် ကစားဖော် (Golden Flower Co, Ltd.)မှ ဒါရိုက်တာများဖြစ်ကြသော ဦးကျော်ဇော၊ ဦးစိုးမြင့်၊ ဦးမြတ်ငြိမ်းနှင့် ဦးလှိုင်မြင့်(ခေတ္တသြစတြေးလျ) တို့နှင့်အတူ ဧပြီ ၂၇ ရက်က ဂေါက်သီးရိုက်ကစားစဉ် PinnacleNo.1ဘောလုံးကို Honma Iron No-7 သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာရှိ ကျင်းအမှတ်(၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

ပြိုင်ပွဲဆုရယိမ်းအဖွဲ့ ဆုဖလားလွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၄

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကိုယ်စားပြု ၁၂ ဦးယိမ်းပြိုင်ပွဲ(အခြား) ပထမဆုနှင့် ၁၆ ဦးယိမ်း(အခြား) ဒုတိယဆုဖလားများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ယိမ်းအဖွဲ့ခေါင်းဆောင် မြို့နယ်သဘင်အစည်းအရုံး အတွင်းရေးမှူး ဦးမင်းသိန်းက ပြိုင်ပွဲအတွေ့အကြုံများရှင်းလင်းတင်ပြသည်။ ထို့နောက် ဆုဖလားများအား မြို့နယ်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ **(အပေါ်ပုံ)** ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အနေဖြင့် အမျိုးသားယိမ်းအဖွဲ့ နှစ်ဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယိမ်းအဖွဲ့ နှစ်ဖွဲ့စလုံး ဆုရရှိခဲ့ကြောင်း သိရှိရသည်။ (၀၂၅)

လက်မှတ်ရစာရင်းရေး စာရင်းကိုင်သင်တန်းနှင့် ကွန်ပျူတာသင်တန်းဖွင့်

မကွေး မေ ၄

မကွေးမြို့ သမဝါယမသင်တန်းကျောင်း သင်တန်းခန်းမ၌ မေ ၃ ရက် နံနက် ၉ နာရီက လက်မှတ်ရစာရင်းရေး၊ စာရင်းကိုင်သင်တန်း အမှတ်စဉ် (၁/၂၀၁၂-၂၀၁၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးကျော်မိုးတင့်က အမှာစကားပြောကြားပြီး အဆိုပါ သင်တန်းကာလမှာ မေ ၃ရက်မှ ဩဂုတ်၁၅ရက်အထိ ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကျောက်မဲမြို့နယ်၌ အခွန်ဆိုင်ရာရှင်းလင်းပွဲကျင်းပ

ကျောက်မဲ မေ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည့် အခွန်ဆိုင်ရာရှင်းလင်းပွဲကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ကျောက်မဲမြို့နယ် မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အမှာစကားပြောကြားကာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်ထွန်းဦးက အခွန်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူးက တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၅-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၂း၀၀ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **တစ်ယောက်က တစ်ယောက်ကို** မြင့်မြတ်၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-ဝင်းထွန်းထွန်း

၁၄း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၂၂)

ညပိုင်း

၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၃၂)

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **မီးလျှံကြားက သွေးသစ္စာ** (အပိုင်း-၂) ဇာတ်သိမ်း
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၁၀)
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးရဲ့လင်းသံစဉ်** (အပိုင်း-၂၄)

မြန်မာ့အလင်း မှုခင်းသတင်း ၄-၅-၂၀၁၂

ကလေးမြို့တွင် ယာဉ်တိုက်မိ၍ လူတစ်ဦးသေဆုံး

မေ ၂ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကလေးမြို့ အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီးပေါ်တွင် တမူးမြို့မှ ကလေးဝမြို့သို့ ယာဉ်မောင်း ဦးမြင့်သိန်း မောင်းနှင်သည့် UD အမျိုးအစား ၂ခ/. . . သဲတင်ယာဉ်က လမ်းဖြတ်ကူးသူ မောင်ဇော်နီဦးအား တိုက်မိပြီး ညာဘက်နောက်ဘီးနှင့် ကြိတ်မိရာ မောင်ဇော်နီဦးမှာ ဦးခေါင်းကွဲသေဆုံးခဲ့သဖြင့် ယာဉ်မောင်းအား ကလေးရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်ထားရှိကြောင်း သိရှိရသည်။ (၁၆၅)

မိတ္ထီလာမြို့ ကျောက်ပန်းတောင်း ကားလမ်းတွင် ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်မိ

မိတ္ထီလာမြို့ ကျောက်ပန်းတောင်းကားလမ်းတွင် ဧပြီ ၂၈ ရက် ညနေ ၃ နာရီခွဲက မိုင်တိုင်အမှတ် ၇/၅ အနီးတွင် တောင်တွင်းကြီးမြို့သစ်နေ တင်ထူးအောင် အသက် ၄၀ သည် ၂၀ယ/. . . ဂျာလင်း-၁၂၅ အနက် ဆိုင်ကယ်ကိုစီး၍ မိတ္ထီလာမြို့မှ ကျောက်ပန်းတောင်းလမ်းအတိုင်းသွားစဉ် မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နေသူ ဦးမျိုးမြင့် အသက်(၄၇)နှစ် သားသတ်လုပ်ငန်းလုပ်ကိုင်သူသည် ရေဝေကျေးရွာမှ မိတ္ထီလာမြို့သို့ ရှာရမ်း-၁၁၀ အနက်ရောင်ဆိုင်ကယ်ကို စီးလာစဉ် မျက်နှာချင်းဆိုင် တိုက်မိကြသည်ဆို၏။ ဆိုင်ကယ်စီးသူနှစ်ဦးစလုံး ဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။ (၀၁၂)

၂၀၁၂ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အလုပ်သမားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင် ဖတ်ကြားစဉ်။ (၀၆၅)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များကို ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

လာရောက်တွေ့ဆုံ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အာဆီယံပါလီမန်များညီလာခံ အတွင်းရေးမှူးချုပ် H.E. Mr. Hon. Antonio Veloso Cuenco ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား

အာဆီယံပါလီမန်များညီလာခံ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၄

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အာဆီယံပါလီမန်များညီလာခံ အတွင်းရေးမှူးချုပ် H.E. Mr. Hon. Antonio Veloso Cuenco ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အာဆီယံလွှတ်တော်များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နိုင်ငံတကာအရေးကိစ္စရပ်များတွင် အာဆီယံလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်အတွင်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ဆန်းစစ်နေမှု အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးကြည်သာ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သန့်(၄)သန့်လုပ်ငန်းသည် ကျန်းမာရေးစောင့်ရှောက်မှုအတွက်အရေးကြီး

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုသည့်လုပ်ငန်းဖြစ်

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၄

ကျန်းမာရေး ကဏ္ဍတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် အမျိုးသားကျန်းမာရေး စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် National Five Year Strategic Plan for Water Supply, Sanitation & Hygiene (2012-2017) ကို အသေးစိတ်ရေးဆွဲကာ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းတွင် ပါဝင်သည့် အညစ်အကြေးများကို စနစ်တကျ ကျန်းမာရေးနှင့်ညီညွတ်စွာ စွန့်ပစ်ရေး၊ ရေကောင်းရေသန့် လုံလောက်စွာ ရရှိရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အထူးသဖြင့် လက်သန့်ရှင်းရေးဆိုသည့် သန့်(၄)သန့်လုပ်ငန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြသည့် လုပ်ငန်းများဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက်လည်း အရေးကြီးသည့် လုပ်ငန်းများဖြစ်ကြောင်း၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း အထောက်အကူပြုနိုင်သည့် လုပ်ငန်းများဖြစ်ကြောင်းဖြင့် ယမန်နေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂) ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နှစ်စဉ်ထုတ်ပြန်သည့် ရေကောင်းရေသန့်ရရှိရေး၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးအခြေအနေ ဖော်ပြချက်များအရ ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် နှစ်စဉ် လူ ၁ ဒသမ ၈ သန်း သေဆုံးလျက်ရှိပြီး သေဆုံးသူအများစုသည် ကလေးသူငယ်များဖြစ်ကြကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု လျော့ကျအောင်၊ ပပျောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် သန့်(၄)သန့်လုပ်ငန်းကို လူတိုင်းလူတိုင်း သိရှိ သဘောပေါက်ပြီး လိုက်နာဆောင်ရွက်ခြင်းသည် အဓိကသော့ချက်ဖြစ်ကြောင်း။

သုတေသန တွေ့ရှိချက်များအရ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကို သန့်ရှင်းရေး စနစ်တကျ လိုက်နာဆောင်ရွက်မည်ဆိုလျှင် ၃၂ ရာခိုင်နှုန်း၊ ရေကောင်းရေသန့်သုံးစွဲမည်ဆိုလျှင် ၃၆ ရာခိုင်နှုန်းနှင့် လက်ကို သန့်ရှင်းသည့်ရေ၊ ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးကြောလျှင် ၄၄ ရာခိုင်နှုန်း အသီးသီးလျော့နည်းကျဆင်းစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrethe က အမှာစကားပြောကြားပြီး ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ Chief Water, Sanitation & Hygiene Section ဖြစ်သူ Mr. Dara Johnston က

စာမျက်နှာ ၈ ကော်လံ ၁

ဗားဂရာဆိပ် သရက်သီးသမ္ဗန်ပေါ်သို့ ဒိုင်များဆင်း၍ ဈေးဖြတ်ဝယ်ယူကြစဉ်။

ရန်ကုန်မြို့ သရက်သီးအမှည့်ဈေးကွက်

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် မေ ၄

ရန်ကုန်မြို့၏ သစ်သီးဈေးကွက်တစ်ခုဖြစ်သော ကြည့်မြင်တိုင်မြို့နယ် ဗားဂရာဆိပ် သစ်သီးဒိုင်များသို့ သရက်သီးမှည့်များ စတင်ဝင်ရောက်လာပြီဖြစ်သည်။

သရက်သီးအမှည့်များမှာ သင်္ကြန်အလွန်ရက်များမှစတင်ကာ ဝင်ရောက်လာခြင်းဖြစ်ပြီး ဇွန်လဆန်းလောက်အထိ အဆက်မပြတ်ဝင်တတ်ကြောင်း ဗားဂရာသစ်သီးဒိုင်မှ ဦးရေချမ်းက ပြောပြသည်။

ယခုအချိန်၌ မန္တလေးရင်ကွဲသီး၊ မချစ်စုအမှည့်သီးများ စတင်ဝင်ရောက်လျက်ရှိပြီး မေလအလယ်လောက်မှစတင်၍ လှိုင်လှိုင်ဝင်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ဗားဂရာဆိပ်သို့ ရေလမ်းမှ အဝင်များတတ်ပြီး ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ ပန်းလှိုင်၊ တာလပေါ်ကျေးရွာတို့မှ အသီးများမှာ ရောင်းအားရှိသော အသီးများဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၃

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။
(မီးသတ်ဦးစီးဌာန)